# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ခန္ဓာငါးပါးကို မပြတ်ရှုမြင်

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



ဇန်းမော်ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊


စာမျက်နှာ ၃ ကော်လံ ၁ ❁


## ယနေ့ ဖတ် စ ရာ


ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိ
စီးပွားရေးသတင်း | စာ - ၁၂

အေအိုင်နည်းပညာဖြင့် အလိုအလျောက် မောင်းနှင်သည့်ကား ထုတ်လုပ်နိုင်ရေး ဟွန်ဒါကုမ္ပဏီကြိုးပမ်း
နိုင်ငံတကာသတင်း | စာ - ၁၃

လူ့အဖွဲ့အစည်းနှင့် ကိုယ်ကျင့်သီလ
ဆောင်းပါး | စာ - ၁၆

သက်သတ်လွတ်သမား ကျန်းမာသလား
ဆောင်းပါး | စာ - ၁၇

မြန်မာ့အလင်း

# ပြည်သူအားလုံး ပါဝင်ကြရမည့် တရားဥပဒေစိုးမိုးရေး

တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးတို့မှာ တစ်ဆက်တစ်စပ်တည်းဖြစ်သည်။ တရားဥပဒေစိုးမိုးလျှင် ရပ်ရွာအေးချမ်းသာယာမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့ပါက ရပ်ရွာ ပူမည်ဖြစ်သည်။ အများပြည်သူအကျိုးအတွက် ပြဋ္ဌာန်းထားသည့် တရားဥပဒေက လူ့ရပ်လူ့ရွာ၊ လူ့အဖွဲ့အစည်းတို့ကို တည်ငြိမ်အောင်၊ အေးချမ်းအောင် ထိန်းသိမ်းပေးထားခြင်းဖြစ်ရာ တရားဥပဒေစိုးမိုးမှု မပျက်ပြားစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုသည်။

"တိုင်းပြည် သာယာဝပြောတယ်ဆိုတာ ငွေချမ်းသာဖို့လည်း ရှိလိမ့်မယ်။ စိတ်ချမ်းသာဖို့လည်း လိုတယ်။ ငွေချမ်းသာဖို့ စိတ်ချမ်းသာဖို့ လိုတယ်။ တရားဥပဒေစိုးမိုးရေးဖြစ်ဖို့လည်း လိုတယ်။ ဒါမှ တိုင်းပြည်သာယာဝပြောမှာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့။ ငွေကတော့ ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေါ့" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကား၌ ထည့်သွင်းပြောကြားခဲ့ရာ ဥစ္စာနေ ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ တရားဥပဒေစိုးမိုးရေးအတွက်လည်း ဟန်ချက်ညီစွာ တည်ဆောက်သွားကြရန်ပင်ဖြစ်သည်။

လက်ရှိအခြေအနေတွင် အကြမ်းဖက်မှုများကြောင့် လူ့အဖွဲ့အစည်းအတွင်း မတည်မငြိမ်ဖြစ်ပေါ်နေမှုကို အခွင့်ကောင်းယူကာ ဒုစရိုက်သမားများ ခေါင်းထောင်ထကြွလာပြီး အမှုအခင်းများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရသည်။ ပြီးခဲ့သည့် အစိုးရလက်ထက်တွင် "တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ဆောက်ရေးတို့အတွက် အနှောင့်အယှက်ဖြစ်စေသော မှုခင်းကျဆင်းရေး" အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုကို လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ကြပြီး အမှုအခင်းများ တိုးတက်များပြားနေခြင်းနှင့် တရားဥပဒေစိုးမိုးရေး အားနည်းနေခြင်းတို့အပေါ် ဝေဖန်သုံးသပ်ဆွေးနွေးခဲ့ကြသည်။ ယင်းသို့ဆွေးနွေးရာတွင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များက "တရားစွဲအဖွဲ့အစည်းများနှင့် ပြည်သူအားလုံးပါဝင်ကာ အမျိုးသားရေးအသွင်ဖြင့် စနစ်တကျပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်နိုင်မှသာ မှုခင်းများ လျော့နည်းကျဆင်းနိုင်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမည်ဖြစ်ကြောင်း" ဆွေးနွေးခဲ့ကြသည်။

တရားဥပဒေစိုးမိုးရေးဟုဆိုရာတွင် ရဲတပ်ဖွဲ့၊ ဥပဒေ အရာရှိ၊ တရားသူကြီး၊ ရှေ့နေရှေ့ရပ်များနှင့်သာ သက်ဆိုင်သည့်ကိစ္စမဟုတ်ဘဲ ပြည်သူတစ်ရပ်လုံးနှင့်ပါ သက်ဆိုင်သည့် အရေးဖြစ်သည်။ မိမိတို့နေထိုင်ရာ ရပ်ရွာဒေသများ အေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရာတွင် လူတိုင်းပါဝင်ကြရမည်ဖြစ်ပြီး တစ်ဦးချင်းမှသည် တစ်ရပ်တစ်ရွာလုံး တာဝန်ယူဆောင်ရွက်နိုင်ကြသည်နှင့်အမျှ အမှုအခင်းတို့ လျော့နည်းကင်းစင်ကာ ရပ်ရွာတို့ မုချအေးချမ်းသာယာနိုင်မည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ပြည် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ပြည်မြို့ တည်ဆောက်ရေး(၂)၊ အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်များ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေများကို လာရောက် ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာန တစ်ခုချင်းမှလည်း ကဏ္ဍအလိုက်ဆောင်ရွက်မှုအခြေအနေများကို ပြန်လည်တင်ပြပေးရန်နှင့် ဦးစီးဌာနအချင်းချင်း ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် သီးခြားလိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ပါ သရေခေတ္တရာ ပျူမြို့ဟောင်းတွင်း ဆောင်ရွက်နေသည့်ပြတိုက်အတွင်း ပြန်လည်အဆင့်မြှင့်တင်ခြင်း၊ နန်းတော်ရာကျုံး ပြန်လည်စမ်းသပ်တူးဖော်နေမှု၊ ကျုံးအတွင်းသို့ ရဟန္တာကန်၊ ကြာကန်၊ ဦးသောမကန်တို့မှ တစ်ဆင့် ရေးမူမပျက် ရေသွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ မျှော်စင် ဆောက်လုပ်ရန်အတွက် ယာယီ သတ်မှတ်ထားသည့် သောင်းပြည့်ကုန်းနှင့် ကြက်တူရွေးတောင်တို့ကို လည်းကောင်း၊ ဗိဿနိုးမိဖုရားနှင့် ဆွေတော်မျိုးတော်များ၏ အရိုးအိုးထားရှိရာ နေရာကို လည်းကောင်း၊ ရှေးဟောင်းဇုန် အဝင်လမ်း ဖောက်လုပ်မည့်နေရာနှင့် ရှေးဟောင်းဇုန် ရှောင်ကွင်းလမ်း ဖောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်တွင်း/ပြည်ပခရီးသွားများအတွက် အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ စားသောက်စရာ ဈေးဆိုင်တန်း၊ ခေတ္တနားခိုရန်နေရာနှင့် ခေတ်မီ Public Toilet များ ဆောက်လုပ်နိုင်ရေး မြေနေရာ ရွေးချယ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်မြို့ ကမ်းနားလမ်းအား လေးလမ်းသွားဖြင့် ပြန်လည်တိုးချဲ့ အဆင့်မြှင့်တင်ပေးနိုင်ရေး ကွင်းကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဂေါပကရုံး၌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး၊ ပြတိုက်ပြန်လည်တည်ဆောက်နိုင်ရေးနှင့် စွယ်တော်မြတ်ကိန်းဝပ် စံပယ်ရာ ဂန္ဓကုဋီတိုက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ပထမနှစ်(ပထမနှစ်ဝက်)ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်း ကြေညာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ပထမနှစ်(ပထမနှစ်ဝက်)ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၃-၁၁-၂၀၂၂) ရက်နေ့တွင် ဝန်ကြီးဌာန website https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website https://ucmt.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းကို (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို (၁၀-၁၁-၂၀၂၂) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်း သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန ဝက်ဘ်ဆိုက်တို့တွင် ကြေညာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၀-၁၁-၂၀၂၂) ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ ( စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။





❁ ရှေ့ဖုံးမှ

ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

### ပဒေသာပင်များအား လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

### ငါးပါးသီလ ခံယူဆောက်တည်

ယင်းနောက် အခမ်းအနားအား "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဗန်းမော်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း မစိုးရိမ်တိုက်သစ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အခမ်းအနား တက်ရောက်လာကြသည့် ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်သွန်းလောင်း အမျှပေးဝေ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗန်းမော်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၄ ခုနှင့် လှူဒါန်းငွေ ၇၃၆၄၃၂၅၀ ကျပ်ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၁၂၉၆၅၈၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဗန်းမော်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်စဉ်။



ဆရာတော်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီဝင် မန်းငြိမ်းမောင် ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကောင်စီဝင် ဦးမောင်းဟာ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်ဆောင်ရွက်မည့် အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် အကျိုးတူလယ်ယာ Contract Farming စနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းတွင် လုပ်ငန်းစဉ်အလိုက် ပေါင်းစပ်ဆောင်ရွက်ကြမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး က အကျိုးတူလယ်ယာစနစ် သီးသန့်စိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လမ်းညွှန်ထားသည့် အကျိုးတူကန်ထရိုက်လယ်ယာ Contract Farming စနစ်ဖြင့် နွေစပါးဧက ၈ ဒသမ ၅ သိန်း၊ ဆောင်းပဲတီစိမ်း ဧက ၅ သိန်းစိုက်ပျိုးထုတ်လုပ်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြည်ထောင်စုဝန်ကြီးဌာနများအကြား ပေါင်းစပ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ တောင်သူများ လက်ဝယ်သို့ သွင်းအားစုများတိုက်ရိုက်ရောက်ရှိပြီး ထွက်ကုန်များအတွက် ဈေးကွက်နှင့် ဝင်ငွေခိုင်မာစွာ ရရှိစေရေး အကျိုးတူလယ်ယာလုပ်ငန်း အစီအမံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အကျိုးတူလယ်ယာစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်မည့် နွေစပါး၊ ပဲတီစိမ်း သီးနှံပုံစံများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်းနှင့် သမဝါယမအသင်းများအပါအဝင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်အလိုက် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်သည့် အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက အကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့် ဆောင်ရွက်မည့် ဝန်ဆောင်မှုဆိုင်ရာနည်းလမ်းများကိုလည်းကောင်း၊ စိုက်ပျိုးထွက်ရှိလာမည့် သီးနှံများအား ဈေးကွက်တင်ပို့ရောင်းချခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ကြမည့် ဝန်ကြီးဌာနအသီးသီး၏ အခန်းကဏ္ဍများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အကျိုးတူလယ်ယာစနစ်ဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းလုပ်ငန်းအတွက် အသုံးပြုမည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လယ်ယာကဏ္ဍတွင် သွင်းအားစုများ အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ခြင်းဖြင့် သီးထပ်စွမ်းအားနှင့် သီးနှံအထွက်နှုန်း တိုးတက်လာပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်လာမည်ဖြစ်၍ စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်ပြည့်မီစွာ အကောင်အထည်ဖော်နိုင်ရေး လိုအပ်ချက်များကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်နေပြည်သူများအား လယ်ယာကုန်ထုတ်သမဝါယမအသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးပြီး သီးနှံမျိုးကောင်းမျိုးသန့်အသုံးပြုရေး သွင်းအားစုမှန်ကန်ရေးနှင့် အရည်အသွေးကောင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တွင် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချမည့် လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးပြည့်မီရေး၊ ဈေးကွက်အာမခံချက်နှင့် အကျိုးအမြတ်ရရှိရေးအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သော လုပ်ငန်းများအချိတ်အဆက်မိမိဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ် များကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက အကျိုးတူစီမံကိန်းလုပ်ငန်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများ၊ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ချေးငွေများ အပြည့်အဝ ပြန်လည်ရရှိပြီး နောက်ရာသီများတွင် ဆက်လက်အကောင်အထည်ဖော်နိုင်သဖြင့် ဘက်စုံကဏ္ဍစုံ ရေရှည်အကျိုးဖြစ်ထွန်းစေရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့ ရေပေးဝေရေးစီမံကိန်း၊ ငါးလေလံဈေးနှင့်စက်မှုဇုန်စီမံကိန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပေးဝေရေးစီမံကိန်းနှင့် စပ်လျဉ်း၍ မြေငှားရမ်းခြင်းဆိုင်ရာ သဘောတူစာချုပ် (မူကြမ်း) စိစစ်ရေးနှင့် မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာစမ်းသပ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုမှတ်တမ်း F.S (MoU)(မူကြမ်း) တို့အား စိစစ်သည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး မြိတ်ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က မြေငှားရမ်းခြင်းဆိုင်ရာသဘောတူစာချုပ် ( Land Lease Agreement) (မူကြမ်း) နှင့်ပတ်သက်၍ လည်းကောင်း၊ မြိတ်မြို့ နိုင်ငံတကာအဆင့်မီ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးနှင့် စက်မှုဇုန်စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာစမ်းသပ်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုမှတ်တမ်း F.S (MoU) (မူကြမ်း)နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဂုဏ်ပြုယာဉ်များတွင် ပြသဆောင်ရွက်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး၏ ဂုဏ်သိက္ခာကို ပြသနိုင်ရန်အတွက် ဝိုင်းဝန်းပြီးလုပ်ဆောင်ပေးကြရန်လိုအပ်ကြောင်း၊ ပြခန်းများတွင် တိုင်းအတွင်း ထင်ရှားသည့်နေရာများ၊ ဒေသထွက်ကုန်များစုံလင်အောင် ခင်းကျင်းပြသနိုင်ရန်အတွက် အကြံပြုဆွေးနွေးကြစေလိုကြောင်း ဌာနဆိုင်ရာများအနေဖြင့် စိန်ရတုပြည်ထောင်စုနေ့အတွက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပြီး ဖြစ်သောကြောင့် အခက်အခဲမရှိလုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို က ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဂုဏ်ပြုယာဉ်များတွင် ပြသထားရှိမည့် တိုင်းဒေသကြီး၏ တန်ခိုးကြီးထင်ရှားသော ဘုရားများ၊ ဒေသမှထွက်ရှိသော ရော်ဘာပင်များနှင့် ပစ္စည်းများ၊ အထင်ကရနေရာများနှင့် ပြခန်းတွင်ပြသရောင်းချမည့် ဒေသထွက်ကုန်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မတူပီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း လျှောက်ထားခြင်းဆိုင်ရာ လိုအပ်ချက်များ အသိပညာပေး

**မတူပီ နိုဝင်ဘာ ၂**

မတူပီမြို့နယ်အတွင်းမှ ပြည်သူများအနေဖြင့် အသက် ၁၀ နှစ်ပြည့်/ ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များ ပြုလုပ်ရန် မတူပီခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးသို့ လျှောက်ထားရာတွင် ယူဆောင်လာရမည့် အထောက်အထားများကို သိရှိနိုင်ရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များကို အောက်တိုဘာ ၂၉ ရက်က စန်ဘောင်ရပ်ကွက် စန်ဘောင်လမ်းဆုံ၌ ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းသန်းလှိုင်နှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ရုံးဝန်ထမ်းများပူးပေါင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြစ်ပြီး ပြည်သူများအနေဖြင့် လိုက်နာရမည့် အသိပေးထုတ်ပြန်ချက်ဖြစ်ကြောင်း၊ ပန်းခင်းစီမံချက် လုပ်ငန်းများအောင်မြင်စေရေးအတွက် အသိပညာပေး လက်ကမ်းစာစောင် ၂၀၀ ဖြန့်ဝေခြင်းဖြစ်ပြီး နောက်ရက်များတွင်လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပူတာအိုရှိ ဆင်းကေရီ-၃ မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ကွင်းသရုပ်ပြ

**ပူတာအို နိုဝင်ဘာ ၂**

၂၀၂၂- ၂၀၂၃ခုနှစ် ကချင်ပြည်နယ် ပူတာအိုခရိုင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပူတာအိုဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး ဆင်းကေရီ-၃ မျိုးစေ့ထုတ် ၁၀ ဧက စိုက်ခင်းကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ပူတာအိုမြို့ ကောင်ကထောင်နှင့် လုံးစွတ်ရပ်ကွက်ကြား မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းမကြီးဘေး စိုက်ပျိုးရေး ဦးစီးဌာနပိုင်လယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးက မိရိုးဖလာ စိုက်ပျိုးသည့်အဆင့်မှ စီးပွားဖြစ် ထုတ်လုပ်ပြီး ပူတာအိုခရိုင်ဒေသ ဝမ်းစာဖူလုံရေးအတွက် ဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ထွေးက ဒေသဝမ်းစာဖူလုံရေးအတွက် အထွက်နှုန်းကောင်း ဆင်းကေရီ-၃ မျိုးသန့်မျိုး စေ့ထုတ်လုပ်ခြင်းကို ဌာနမှ ဆောင်ရွက်သကဲ့သို့ တောင်သူများနှင့် အကျိုးတူပူးပေါင်း၍ မျိုးသန့်မျိုးစပါးထုတ်လုပ်ခြင်းများကိုလည်း မြို့နယ်အလိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများနှင့်အကျိုးတူ မျိုးသန့်မျိုးစပါးများကို တောင်သူအချင်းချင်း ပြန်လည်မျိုးဖြန့်ဖြူးခြင်းအားဖြင့် ဆင်းကေရီ- ၃ မျိုးစပါး စိုက်ဧကပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။




ဆက်လက်၍မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူးဦးစိုးသိန်းက ရိတ်သိမ်းခြွေလှေ့စက်အကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်၊ ခရိုင်/မြို့နယ်ဌာန ဆိုင်ရာများ၊ တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ကွင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးကြသည်။

**ဖုန်ကန်(ပူတာအို)**

## ပေါင်းတည်မြို့နယ်၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ(ဆင့်ပွား)သင်တန်းဖွင့်

**ပေါင်းတည် နိုဝင်ဘာ ၂**

ပေါင်းတည်မြို့နယ်တွင်၂၀၂၂-၂၀၂၃ပညာသင်နှစ် မြို့နယ်အဆင့် ထက်/လယ်/မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ (ဆင့်ပွား) သင်တန်းကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နော်ဆဲပွယ်ဖောက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် တိုးတက်ပြောင်းလဲလာသော စနစ်သစ်ပညာရေးပေါ် မူတည်၍ ကျောင်းအုပ်ကြီးများအနေဖြင့် စွမ်းဆောင်ရည်မြှင့်တင်ရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုကိုခံယူကာ ယခုကဲ့သို့ ဆွေးနွေးပို့ချရခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ စုစုပေါင်း ၁၇၂ ဦး တက်ရောက် ခဲ့ကြောင်းနှင့် သင်တန်းတွင် ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာများ၊ ပညာရေးဆိုင်ရာများ၊ စီမံဘဏ္ဍာနှင့် စာရင်းအင်းဆိုင်ရာများနှင့် ကာယပညာဆိုင်ရာ ဘာသာရပ်များကို နှစ်ရက်ကြာ ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သူရကြီး(ပြန်/ဆက်)**



## ဝမ်းတွင်းမြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ဝမ်းတွင်း နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာမှ ကုန်းကျေးရွာအုပ်စု ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာလူထု၏ ထည့်ဝင်ငွေကျပ် သိန်း ၃၀ တို့ဖြင့် ဩဂုတ်လတတိယပတ်မှ စတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်ပြီး ကျေးရွာသူကျေးရွာသားများက ကျေးရွာတွင်းလမ်းကို အရှည်ပေ ၆၅၀၊ အကျယ် ၁၂ပေ၊ ထုခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆိုပါ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီးပြီဖြစ်၍ ကုန်းကျေးရွာရှိ အိမ်ခြေ ၄၇၉ အိမ်၊ လူဦးရေ ၁၈၉၂ ဦးတို့မှာ ရာသီမရွေး သွားလာရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးထံမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ခန္တီးမြို့နယ် လောင်ပကျေးရွာရှိ အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**မုံရွာ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ခန္တီးမြို့နယ် လောင်ပကျေးရွာ ခန်းမ၌ ကျင်းပသော အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု၊ လောင်ပကျေးရွာရှိ အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ဒေသခံတောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုန်းမြင့်လယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်ပေးမည့် အစီအစဉ်တို့ကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လောင်ပကျေးရွာရှိ ကလေးငယ်များနှင့် အိမ်ထောင်စုများအတွက်




အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် ပိုးသတ်ဆေးနှင့် ပျိုးပင်များကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ထောက်ပံ့ပေးအပ်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လောင်ပကျေးရွာ သာသနဝ့ဟိတသုခ ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ သွားရောက်ပြီး လှူဖွယ်ပစ္စည်းများနှင့် ကံ့ကော်ဘုရားဆင်းတုများ တည်ထားကိုးကွယ်ရန် ဝတ္ထုငွေကျပ် ၁၂ သိန်းကို ဆက်ကပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကုန်းမြင့်လယ်ယာမြေ ဧက ၂၀၀ ဖော်ထုတ်မည့်မြေနေရာကိုလည်းကောင်း၊ ဆင်သေ-လက်ဖက်ခင်း-ကချင်-ကင်းတော်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းသစ်ကိုလည်းကောင်း၊ ခန္တီး-ဖားလမုန်း-တာမခံ-ညောင်ပင်ကားလမ်းပေါ်၌ သံကူကွန်ကရစ်တံတား ၃ စင်းနှင့် သံကူကွန်ကရစ် Box culvert ၁၀ စင်းဆောင်ရွက်မည့် လုပ်ခန်းခွင်သို့ လည်းကောင်း၊ ခန္တီးမြို့ရေပေးဝေရေးစက်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခန္တီးအကျဉ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များနှင့် တွေ့ဆုံရင်းရင်းနှီးနှီးအားပေး နှုတ်ဆက်စကားပြောကြားပြီး အရာထမ်း၊ အမှုထမ်း၊ မိသားစုဝင်များအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိသည့် သယံဇာတများကို ကုန်ချောအဆင့်သို့ ပြုပြင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်

**လွိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီ၏ စက်မှုလုပ်ငန်းများ တိုးတက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေး



ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်၍ မူဝါဒများချမှတ်ကာ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အနေဖြင့်လည်း ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ထွက်ကုန်များနှင့် ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိသည့် သယံဇာတများကို ကုန်ချောအဆင့်သို့ ပြုပြင်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီဆောင်ရွက် ပေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက စက်မှုဇုန်ဒေသဆိုင်ရာ ကော်မတီ၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စက်မှုလက်မှု လုပ်ငန်းရှင်များက လုပ်ငန်း လိုအပ်ချက်များကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြ ဆွေးနွေးမှုများအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

မင်းဘူးခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို ဥပဒေနှင့်အညီ အောက်တိုဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေ စာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်တို့ရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းဘူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး အောက်တိုဘာလအထိ တင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စိစစ်ချက်အရ
- (က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှ လျော့သည့် လူဦးရေ ၁၃၅၈၁ ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ ၁၁၆၈၄ ဦး
- (ဂ) အောက်တိုဘာလအတွင်း မြေပြင်လူဦးရေ ၇၆၁၁၃၄ ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ
- (က) မြေပြင်ထပ်တိုး
  - ပုံစံ (၆၆/၆) ရှိသူ ( ၁၂၀၇ ) ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ ( ၂၁၀၆ ) ဦး
  - **စုစုပေါင်းမြေပြင်ထပ်တိုး ( ၃၃၁၃ ) ဦး**



- (ခ) မြေပြင်တွင် လျော့သည့်ဦးရေ
  - ပုံစံ (၆၆/၆) ရှိသူ ( ၆၃၉၇ ) ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ ( ၆၄၅ ) ဦး
  - **စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ ( ၇၀၄၂ ) ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၇၃၇ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမင်းမင်းဦးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ



ထားဝယ် နိုဝင်ဘာ ၂

ဂုဏ်ပြုယာဉ်များတွင် ပြသဆောင်ရွက်မှုနှင့် ပတ်သက်၍ တိုင်းဒေသကြီး၏ ဂုဏ်သိက္ခာကို ပြသနိုင်ရန်အတွက် ဝိုင်းဝန်းပြီး လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း၊ ပြခန်းများတွင် တိုင်းအတွင်း ထင်ရှားသည့် နေရာများ၊ ဒေသထွက်ကုန်များ စုံလင်အောင် ခင်းကျင်းပြသနိုင်ရန်အတွက် အကြံပြုဆွေးနွေးကြစေလိုကြောင်း ဌာနဆိုင်ရာများအနေဖြင့် စိန်ရတုပြည်ထောင်စုနေ့အတွက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပြီးဖြစ်သောကြောင့် အခက်အခဲမရှိ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း တနင်္သာရီတိုင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို က ပြောကြားသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဂုဏ်ပြုယာဉ်များတွင် ပြသထားရှိမည့် တိုင်းဒေသကြီး၏ တန်ခိုးကြီးထင်ရှားသော ဘုရားများ၊ ဒေသမှထွက်ရှိသော ရော်ဘာပင်များနှင့် ပစ္စည်းများ၊ အထင်ကရနေရာများနှင့် ပြခန်းတွင် ပြသရောင်းချမည့် ဒေသထွက်ကုန်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂

၁၃၈၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီးမဟာသရေစည်သူ စိုးဝင်း-ငြိမ်း) -ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ) သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၀ သိန်း၊ ဦးစိုးမြင့် (စိုးမှူး)- ဒေါ်ကြည်ကြည်ခင် (စိုးကြည်ဖြူ) သမီး- အကယ်ဒမီ စိုးမြတ်သူဇာ (စိုးမြတ်သူဇာ) မိသားစုက ငွေကျပ် သုံးသိန်း၊ ဆရာ ဦးကျော်မြင့် (ဦးကျော်မြင့်-GA) မိသားစုက ငွေကျပ် နှစ်သိန်း၊ ဒေါပုံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ဦးမျိုးကျော်ဦး (Caph မျိုးကျော်ဦး)၊ ဒေါက်တာ ယဉ်ဝေလွင် (ပြည်) (ဥက္ကဋ္ဌ၊ ပြည်မြို့နယ် စာရေးဆရာအသင်း)၊ ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်း (မောင်မျိုးထွန်း-မြင်းခြံ) - အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နွဲ့နွဲ့ကြည်၊ ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ-ထားဝယ်)၊ ဗိုလ်မှူးကြီး မြင့်ဆွေ (ငြိမ်း) - ဒေါ်ခင်မာချစ် (စာရေးဆရာမ ခိုင်ယဉ်မွန် - ဝိဇ္ဇာ/သိပ္ပံ) မွန်စာပေ မိသားစု၊ ဦးစံရွှေ (တင်မောင်ထက် - ကွမ်းခြံကုန်း ဥက္ကဋ္ဌ၊ ကွမ်းခြံကုန်းမြို့နယ် စာရေးဆရာအသင်း)၊ တက္ကသိုလ်ကိုကိုနိုင် - ယမင်း (ပညာရေး) စာပေမောင်နှံ မိသားစု၊ ဦးတင်မိုးအောင် (ခ) နေရှိုင်း - ဒေါ်လှလှသန်း-သား မောင်ဟိန်းကြယ်စင်၊ ဦးမောင်မောင်ဦး (ကိုဦး-မုံရွာ)- ဒေါက်တာ ကြည်ကြည်မာ (မုံရွာမြို့)၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းနှင့် ဒဂုံ (မြောက်ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးမျိုးထွန်း (မောင်စိမ်းနောင် - လယ်ဝေး)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါ်မြမြသန်း (မနှင်းဖွေး)၊ ဦးမြင့်ဦး(မြင့်မိုရ်ဦး-ပဲခူး)-ဒေါ်အေးအေးခိုင်(ပဲခူးမြို့)၊ စာရေးဆရာမ မေမြတ်စန္ဒာ၊ စာရေးဆရာမ ရွှေထုံခင်သီတာလှိုင် (ဥက္ကဋ္ဌ၊ သထုံမြို့နယ် စာရေးဆရာအသင်း)၊ အောင်ငယ်စစ် (အင်းစိန်)၊ ဦးထွန်းငွေ-ဒေါ်ခင်ငွေးမြင့် (သန်လျင်မြို့)၊ ဦးဗိုလ်ဝင်း-ဒေါ်မိုးသီတာ (ဘယဆေးရောင်းဝယ်ရေး-ဈေးချို)၊ မြောက်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်း၊ ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်း၊ မိုးညှင်းမြို့နယ် စာရေးဆရာအသင်း၊ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း၊ ကျောက်တံတားမြို့နယ်စာရေးဆရာအသင်းနှင့် အလုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဒေါက်တာ သိန်းငွေးဝင်း (မင်္ဂလာဒုံမြို့နယ်)၊ ဦးလှဘော် (မောင်လှဘော် - မအူပင်) အောင်မြေသာစံမြို့နယ် နှင့် ဆရာကြီးဦးလှမြင့်(မောင်မဟာ) အားရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ်သုံးသောင်းစီ၊ ဦးကံလှ(မောင်လူလှ-ဇေယျာဦး) အောင်မြေသာစံမြို့နယ်၊ ဦးမြဝင်း (မြဝင်းဦး - မန်းတက္ကသိုလ်) အောင်မြေသာစံမြို့နယ် နှင့် စာရေးဆရာမ မနွယ် (ကလော) မိသားစုက ငွေကျပ်နှစ်သောင်းစီ၊ ဦးဇော်လင်းဦး (အောင်စံ) အောင်မြေသာစံမြို့နယ်က ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုးမြင့် (စိုးမှူး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းသည့် အလှူငွေများကို အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) လက်ခံရယူစဉ်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မအီ - ကျောက်ဖြူလမ်းပိုင်းကို Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂

**နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်းစီမံကိန်းမှ မအီ-ကျောက်ဖြူ လမ်းပိုင်းကို Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။**

မအီ-ကျောက်ဖြူလမ်းပိုင်းသည် နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်း စီမံကိန်းတွင် ပါဝင်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နေပြည်တော်-မအီလမ်းပိုင်းကို Feasibility Study ဆောင်ရွက်ထားရှိပြီး ဖြစ်ကာ ကျန်ရှိသော လမ်းပိုင်းဖြစ်သည့် မအီ-ကျောက်ဖြူ လမ်းပိုင်းကို Feasibility Study ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နေပြည်တော် - အောင်လံ - မအီ-ကျောက်ဖြူလမ်း စီမံကိန်းသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor) ၏ ဆောလျင်စွာ ဆောင်ရွက်ရမည့် စီမံကိန်းများ (Early Harvest Projects) တွင် တစ်ခုအပါအဝင်ဖြစ်ပြီး အရေးကြီးသော လမ်းပိုင်းတစ်ခုဖြစ်သည်။

"စီမံကိန်းထဲက နေပြည်တော်-အောင်လံ-မအီ အပိုင်းက Feasibility Study ဆောင်ရွက်ပြီးစီးဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းဖြစ်တဲ့ မအီ-ကျောက်ဖြူအပိုင်းအတွက် Feasibility Study ဆက်လုပ်နိုင်ဖို့ မြန်မာ-တရုတ် နှစ်နိုင်ငံ MoU ထပ်မံရေးထိုးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလမ်းစီမံကိန်းက နှစ်နိုင်ငံ ကုန်သွယ်ရေးအတွက် အရေးပါတဲ့ လမ်းပိုင်းတစ်ခုပါ။ ပြီးတော့ မအီ-ကျောက်ဖြူ လမ်းပိုင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ရေနက်ဆိပ်ကမ်းစီမံကိန်းကနေ အသုံးပြုမယ့် ယာဉ်စီးရေပမာဏတွေအတွက် မျှော်မှန်းဆောင်ရွက်တဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်" ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံသဘောတူညီချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် China Harbour Engineering Company Limited (CHEC) တို့အကြား နေပြည်တော်- အောင်လံ-မအီ-ကျောက်ဖြူလမ်း စီမံကိန်းအတွက် Feasibility Study ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းစီမံကိန်းသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (China Myanmar Economic Corridor) ၏ အရေးပါသောလမ်းပိုင်းဖြစ်ပြီး Master Plan on ASEAN Connectivity 2025 (MPAC 2025) ၏ Priority Initial Rolling Pipeline Projects တွင်ပါဝင်၍ Myanmar National Project Bank တွင်လည်း ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

**ကေကေ**



# တနင်္သာရီရှိ ရှေးဟောင်းသမိုင်းဝင်နေရာ မြန်မာဇာတိသွေးကိုပြရာ ခားသွေးချောင်း

မြင့်ဦး (မြိတ်)

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းမှာတည်ရှိသော ရှေးဟောင်းသမိုင်းဝင်နေရာတစ်ခု မြန်မာ့ဇာတိသွေးကိုကမ္ဘာသို့ ပြဖို့ မာန်တင်ရာ အောင်မြေနင်းရာလည်းဖြစ်သည့် ခားသွေးချောင်းသို့ အလည်တစ်ခေါက်တော့ သွားရောက် လေ့လာသင့်ပါတယ်လို့ ဖိတ်ခေါ်ပါရစေ။




**မောလို့ မောမှန်းမသိစိတ်အပန်းလည်း ပြေစေ**

ထိုနေရာကတော့မြိတ်မြို့ကနေ သွားမယ်ဆိုရင် မိုင် ၅၀ ခန့် ကွာဝေးပြီးခံ့ညားထည်ဝါစွာ တည်ဆောက်ထားသည့် တံတားကြီးနံဘေးညာဘက်၊ တနင်္သာရီမြို့အဝင် ညာဘက်ကတ္တရာလမ်း၊ တနင်္သာရီမြစ်ကြီးတစ်လျှောက်အတိုင်းဝင်ရောက်သွားရပါတယ်။ တနင်္သာရီမြစ်ကြီးတစ်လျှောက် မိနစ် ၂၀ ခန့် သွားရောက်ပြီး ဘယ်ဘက်လူသွားလမ်းလေးအတိုင်း ဥယျာဉ်လေးထဲကနေ တောင်တက်တောင်ဆင်းသွားရောက်ရပါတယ်။ ဥယျာဉ်ထဲကနေ ဖြတ်သန်းသွားလာရတဲ့အတွက် မောလို့ မောမှန်းမသိစိတ်အပန်းလည်း ပြေစေပါတယ်။

ထိုဥယျာဉ်လမ်းလေးအတိုင်း မိနစ် ၃၀ ခန့် သွားမိပြီးဆိုရင်တော့ ချောင်းရိုးအသေးလေးကို စတင်တွေ့ရပါမယ်၊ ဆက်လက်ကာ ချောင်းနံဘေး တောင်ကုန်းပြေပြေလေးအတိုင်းတက်ကာ ၁၀ မိနစ်ခန့်အကြာလောက် သွားမိပြီးဆိုရင်ဖြင့် ဗလခြိုက်ပုံသဏ္ဌာန်ချောင်းရေထဲက ကျောက်တုံးလေးတွေကို တွေ့ရပါမယ်။


ခားသွေးချောင်း

**ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်း**

တောင်ပေါ်ကနေ အနိမ့်အမြင့်အတက်အဆင်းအလိုက် ရေတံခွန်ပုံသဏ္ဌာန် တသွင်သွင်စီးဆင်းနေတဲ့ ဒီခားသွေးချောင်းဟာ အမြင့်မှာတစ်မူထူးခြားလှပါတယ်။ အနီးဝန်းကျင်မှာလည်း တောင်ကုန်းတောင်တန်းလေးနဲ့ စိမ်းစိုလှတဲ့အတွက် ဘဝအမောတွေကို ပြေပျောက်စေပါတယ်။ အေးစိမ့်နေတဲ့ ချောင်းလေးကို ထပ်မံကူးခတ်ချိုးလိုက်မယ်ဆိုရင်တော့ ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးလန်းဆန်းကာ အနာဂတ်ကိုစိန်ခေါ်နိုင်စေလောက်တဲ့ အားအင်မျိုး ရရှိစေပါတယ်။

ရှေးဟောင်းသမိုင်းဝင်စေတဲ့ ဒီခားသွေးချောင်းရဲ့ ရာဇဝင်ကို ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင်တော့ ကြက်သီးထလောက်အောင် ဇာတိသွေးဇာတိမာန်ကိုကြွစေပါတယ်။ တနင်္သာရီသားတို့အတွက် ဂုဏ်တက်စေသလို အမြဲရင်ထဲကိန်းဝပ်စေရာ ဝင့်ထည်စွာဇာတိသွေးဇာတိမာန်ကို အားမာန်အပြည့်ဖြင့် ပြောချင်စရာပါ။

ကမ္ဘာ့မျက်နှာစာမှာ သမိုင်းဝင်စေတဲ့အကြောင်းကို လေ့လာကြည့်ရင်တော့ဘုန်းမီးနေလ၊ ဘုန်းတန်ခိုးလက်ရုံးရည်၊ နှလုံးရည်နဲ့အစစအရာရာပြည့်စုံလှတဲ့ မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည့် အလောင်းမင်းတရားကြီး (ဦးအောင်ဇေယျ) မင်းလက်ထက်မှာ မြန်မာပြည်အောက်ပိုင်းကို အကြိမ်အကြိမ် ဝင်ရောက်နှောင့်ယှက်နေတဲ့ ယိုးဒယားသား၊ ယိုးဒယားနိုင်ငံ (ယခုထိုင်းနိုင်ငံ) ကို တော်လှန်တိုက်ခိုက်ဖို့ ဒီတနင်္သာရီမြို့နယ်ထဲ ရောက်ရှိလာခဲ့ပါတယ်။

ဒီတနင်္သာရီမြို့နယ်ထဲ အောင်မြေနင်းရောက်ရှိချိန်မှာ တနင်္သာရီမြစ်နံဘေး တောင်ကုန်းတောင်တန်းကြားက တသွင်သွင်စီးဆင်းနေတဲ့ ချောင်းမှာရှိတဲ့ ထူးခြားလှတဲ့အရောင်အဆင်း အနက်ရောင်ရှိတဲ့ကျောက်တုံး၊ ကျောက်စိုင်မှာ ယိုးဒယားကို စစ်တိုက်ဖို့ ချီတက်လာတဲ့အလောင်းမင်းတရားကြီးနဲ့အတူပါလာတဲ့ စစ်ကဲ၊ စစ်ဗိုလ်၊ စစ်သည်တွေက တစ်ထောက်နားကာ ဒီချောင်းထဲက ကျောက်စိုင်၊ ကျောက်တုံးတွေမှာပါလာတဲ့ ခားလှံတွေကို အားမာန်အပြည့်ထည့်ကာ သွေးခဲ့ကြပါတယ်။

ချောင်းရေထဲမှာရှိတဲ့ သဘာဝကျောက်စိုင်၊ ကျောက်ခဲတွေပေါ် ဘယ်လောက်လူအင်အားများများနဲ့ သွေးခဲ့သလဲဆိုတာမခန့်မှန်းနိုင်ပေမယ့်၊ ကျောက်စိုင်ကျောက်တုံး ထိုးထိုးထောင်ထောင်တွေက တော်တော်လေးကိုခွက်ဝင်သွားလောက်အောင် (ဗလခြိုက်ပုံသဏ္ဌာန်) အရာထင်ကျန်ခဲ့တာကတော့ ယနေ့ထိတိုင် သမိုင်းအမွေအနှစ်အနေနဲ့ ထင်ကျန်လျက် ရှိပါတယ်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဟာ ယိုးဒယားကို စစ်တိုက်ဖို့အတွက် ကရင်ပြည်နယ်က ဘုရားသုံးဆူတောင်ကြားလမ်းနဲ့ တနင်္သာရီတိုင်းမှာကတော့ ထားဝယ်၊ ပုလော၊ မြိတ်၊ တနင်္သာရီလမ်းကြောင်းတို့ကနေ ကုန်းလမ်းခရီးနဲ့ချီတက်ခဲ့ရာမှာ တနင်္သာရီတိုင်းအတွင်းက ခရီးလမ်း

**နှစ်စဉ် ပွင့်လင်းရာသီအချိန်အခါမှာ တိုင်းဒေသကြီးအတွင်းသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်တွေပါ ဒီတောတောင်၊ ဥယျာဉ်တွေကြားက ခားသွေးချောင်းကိုလာရောက်ကာ တောရိပ်တောင်ရိပ်ခိုရင်း၊ သစ်ပင်ရိပ်အောက်မှာ အနားယူအပန်းဖြေရင်း ပျော်ရွှင်စွာရေဆော့ ကစားကြပါတယ်။ အပန်းဖြေအနားယူသူတွေအတွက်လည်း ကြည့်ရမြင်ရတာကလည်း စိတ်ပျော်ရွှင်ကြည်နူးရစေပါတယ်**

တစ်လျှောက် ခရီးတစ်ထောက်ရပ်နား၊ ညအိပ်ခဲ့တဲ့နေရာတွေမှာ ရွာအမည်အဖြစ်နဲ့ တွင်ကျန်ရစ်ခဲ့ကြောင်း မှတ်တမ်းတွေအရ သိရပါတယ်။

**ယနေ့တိုင်တည်ရှိနေ**

(ဥပမာအနေနဲ့ ပုလောမြို့နယ်မှာ ထမင်းမစားရွာ၊ မင်းထိန်းရွာနဲ့ ပုလောနဲ့မြိတ်ကြားမှာ အောင်ဇေယျရွာနဲ့ စေတီတစ်ဆူရှိပါတယ်။ မြိတ်နားမှာတော့ နန်းတော်ရာရွာနဲ့တညက်ရွာ) စတဲ့ရွာအမည်တွေအဖြစ်နဲ့ ယနေ့တိုင်တည်ရှိလိုနေပါတယ်။

ယခင်ကနှစ်စဉ် ပွင့်လင်းရာသီအချိန်အခါမှာ တိုင်းဒေသကြီးအတွင်းသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်တွေပါ ဒီတောတောင်၊ ဥယျာဉ်တွေကြားက ခားသွေးချောင်းကိုလာရောက်ကာ တောရိပ်တောင်ရိပ်ခိုရင်း၊ သစ်ပင်ရိပ်အောက်မှာ အနားယူအပန်းဖြေရင်း ပျော်ရွှင်စွာရေဆော့ ကစားကြပါတယ်။ အပန်းဖြေအနားယူသူတွေအတွက်လည်း ကြည့်ရမြင်ရတာကလည်း စိတ်ပျော်ရွှင်ကြည်နူးရစေပါတယ်။

ဒါကြောင့် တနင်္သာရီတိုင်းအတွင်းမှာရှိတဲ့ တနင်္သာရီရှေးဟောင်းသမိုင်းဝင်မြို့နဲ့ ဒီခားသွေးချောင်းကိုပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေကို သမိုင်းအမွေတည်ရှိတဲ့ ဒီဒေသကိုပြသလည်ပတ်စရာနေရာခရီးစဉ်တစ်ခုအနေနဲ့ ထည့်သွင်းဖို့လိုအပ်ပါတယ်။

**စိတ်ဝင်တစား လာရောက်လေ့လာ**

ယခင်က နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှာ တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်မှာတည်ရှိတဲ့ ချောင်းကြီးဘုန်းတော်ကြီးကျောင်းတိုက် စုပေါင်းမဟာဘုံကထိန်ပွဲတော်နဲ့အတူ ချောင်းကြီးမြစ်နဲ့ ချောင်းငယ်မြစ် မြစ်နှစ်သွယ်မှာ ရှေးဟောင်းသမိုင်းဝင် နဂါးလှေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ တနင်္သာရီသားတို့ပျော်ရွှင်စွာ ကျင်းပနေမှုတွေကို အနယ်နယ်အရပ်ရပ်မှခရီးသွားတွေအပြင် ထိုင်းနိုင်ငံတက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူတွေလည်း စိတ်ဝင်တစား လာရောက်လေ့လာကြည့်ရှုခဲ့ကြပါတယ်။

နဂါးလှေသဘင်ပွဲတော်မှာ တနင်္သာရီမြို့နယ်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပါတယ်။ ရှေးမြန်မာမင်းတွေလက်ထက်က ရေခင်းသဘင်ပုံစံနဲ့ ကျင်းပခဲ့ရာမှာ နဂါးလှေတော်များစွာရှိခဲ့ပြီး ကောဇာသက္ကရာဇ် ၅၁၅ ခုနှစ်တွင် တနင်္သာရီမင်းဖြစ်သော ဗျန်စက္ကပိတ်မင်းကြီးလက်ထက်မှ စတင်ပေါ်ပေါက်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအထိ နှစ်ပေါင်း ၈၆၆ နှစ်အထိ ကျင်းပခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် မြိတ်ကျွန်းစုဒေသရှိ နာမည်ကြီးကျွန်းခရီးစဉ်တွေကို လည်ပတ်ရင်းနဲ့ တနင်္သာရီမြို့မှာတည်ရှိတဲ့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီတွေဖြစ်တဲ့ နဝထပ်၊ မြဝတ်ဆင်၊ ဝင်္ဂဘာ၊ လေသာနန်းဦးစေတီတော်တွေကိုလည်း ဖူးမြော်နိုင်တဲ့အပြင် မြန်မာတို့ရဲ့ ဇာတိသွေးဇာတိမာန်ကို နိုးထစေတဲ့ သမိုင်းဝင်ခားသွေးချောင်းသို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်တွေ အခွင့်အခါသင့်ရင် အလည်အပတ်အဖြစ် တစ်ခေါက်လောက်တော့ လာခဲ့ပါလို့ ဖိတ်ခေါ်ပါရစေ။ ။




# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက် (အပေါ်ပုံ)၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်ရှိ နေနတ်သား ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေညောင်ပင် ကျောင်းတိုက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံပထမရွှေကျင်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ ဇေတဝန်ပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီ ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဒက္ခိဏာရာမကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ပုဂံအတွင်းဝန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တောင်ကြီးကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရွှေလီကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

# လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တန်ဆောင်တိုင်မီးထွန်းပွဲတော် (ဆီမီး-၅၀၀၀ /ပန်း-၅၀၀၀) ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ် တည်ထား ကိုးကွယ်သော လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို (တန်ဆောင်မုန်းလဆန်း ၁၄ ရက်/တန်ဆောင်မုန်းလပြည့်/ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်) နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၈ ရက် အထိ သုံးရက်တိုင်တိုင် (ဆီမီး-၅၀၀၀ / ပန်း-၅၀၀၀) ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ရဟန်း၊ ရှင်၊ လူအများ ကြည်ညိုသဒ္ဓါပွားများ ကုသိုလ်ယူနိုင်ကြစေရန် နှိုးဆော်ထားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များ မှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက် မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည် / နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး၊ ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည် / နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တို့ မှန်မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အတွက် ***601#** ၊ Atom အတွက် ***979*3*3#** ၊ Ooredoo အတွက် ***666#** ၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက စိုက်ပျိုးခဲ့သည့် မိုးစပါးများထွက်ရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဖူးပွင့်မျိုးသန့် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းပိုင်စိုက်ပျိုးမြေဧက ၁၈၀ နှင့် အသင်းသားပိုင်စိုက်ပျိုးမြေဧက ၂၀ ပေါ်တွင် ရက် ၁၀၀ စပါး၊ ရွှေဆည်ရင်၊ ဆာဖိုးသာ (၁)၊ ပခန်းရွှေဝါ၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းနက်နှင့် ဧရာမင်းစပါးများ စိုက်ပျိုးထားရှိရာ ယခုအခါ စိုက်ပျိုးခဲ့သည့် စပါးများအနက်မှ ရက် ၁၀၀ စပါး တစ်ဧကအထွက်နှုန်း ၁၀၅ တင်း၊ ရွှေဆည်ရင်စပါးနှင့် ပခန်းရွှေဝါစပါး တစ်ဧကအထွက်နှုန်း ၉၅ တင်း၊ ဆာဖိုးသာ (၁) စပါး တစ်ဧကအထွက်နှုန်း ၁၃၉ ဒသမ ၅၄ တင်း ပျမ်းမျှထွက်ရှိသည်။

အသင်းမှ စိုက်ပျိုးမြေများတွင် မျိုးစေ့ထုတ်လုပ် ရောင်းချသည့်သာမက အကျိုးတူတောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်ရာတွင် လိုအပ်သော အရည်အသွေးမီ မျိုးကောင်းမျိုးသန့်များကို အခမဲ့ ထောက်ပံ့ပေးခြင်း၊ စိုက်ပျိုး ထွန်ယက်ချိန်တွင် မြေယာပြုပြင်ရန်အတွက် လိုအပ်သော စိုက်ပျိုးစရိတ်ကို ကြိုတင်ထုတ်ပေးခြင်း၊ မျိုးစပါးပင်များ၏ သက်တမ်းအလိုက် သုံးစွဲရသော မြေဆီသြဇာနှင့် ပိုးသတ်ဆေးများကိုလည်း မျှဝေဆောင်ရွက်ပေးခြင်း၊ အတွေ့အကြုံရှိ အသင်းသားများမှ သွားရောက်ဆောင်ရွက်ပေးခြင်းနှင့် ထွက်ရှိလာသော စပါးအစိုများကိုလည်း ပြန်လည်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယင်း (အမျိုးသား) ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲချန်ပီယံ ဂျပန်အသင်းအပါအဝင် မြောက်ကိုရီးယား၊ တောင်ကိုရီးယားနှင့် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အိမ်ရှင်နိုင်ငံဖြစ်သော ဥဇဘက်ကစ္စတန်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့် ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် မတ် ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲ ပထမအဆင့်တွင် အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းမှာ ဒုတိယအဆင့် ခြေစစ်ပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များအရ Pot-1 တွင် ဩစတြေးလျ၊ တရုတ်၊ မြန်မာ၊ အီရန်၊ နီပေါ၊ လက်ဘနွန်၊ Pot-2 တွင် တရုတ် တိုင်ပေ၊ အိန္ဒိယ၊ မလေးရှား၊ ယူအေအီး၊ Pot-3 တွင် မွန်ဂိုလီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ဂူအမ်၊ တာဂျစ်ကစ္စတန်၊ ပါကစ္စတန်၊ ဘူတန်၊ Pot-4 တွင် အင်ဒိုနီးရှား၊ အီရတ်၊ မြောက်မာရီယာနာကျွန်းစု၊ ဖိလစ်ပိုင်၊ တာ့ခ်မင်နစ္စတန်၊ အိမ်ရှင် Host Pot တွင် ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ လာအို၊ ပါလက်စတိုင်း၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

အာရှဖလား ယူ-၁၇ အမျိုးသမီး ခြေစစ်ပွဲ ပထမအဆင့်တွင် အသင်းစုစုပေါင်း ၂၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများကို ၂၀၂၃ ခုနှစ် ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲ ချန်ပီယံ ဂျပန်အသင်းအပါအဝင် မြောက်ကိုရီးယား၊ တရုတ်နှင့် ၂၀၂၄ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အိမ်ရှင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားအသင်းတို့မှာ ခြေစစ်ပွဲ ယှဉ်ပြိုင်စရာမလိုဘဲ တိုက်ရိုက် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုမဲခွဲရန် ဆီဒင်သတ်မှတ်ချက်များအရ Pot-1 တွင် ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အီရန်၊ ဖိလစ်ပိုင်၊ Pot-2 တွင် တရုတ် တိုင်ပေ၊ အိန္ဒိယ၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်၊ လက်ဘနွန်၊ မလေးရှား၊ Pot-3 တွင် နီပေါ၊ ယူအေအီး၊ ပါလက်စတိုင်း၊ မြောက်မာရီယာနာကျွန်းစု၊ Pot-4 တွင် ဘာရိန်း၊ ဘူတန်၊ အီရတ်၊ တာ့ခ်မင်နစ္စတန်၊ ကမ္ဘောဒီးယား၊ အိမ်ရှင် Host Pot တွင် ဂူအမ်၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်နေသည်။

**ရဲရင့်လွင်**

▼ *ကျောဖုံးမှ*

အသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက် အသာနှင့်အတူ အုပ်စုပထမနေရာ ရရှိခဲ့သည်။

**နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိမည်**

မာဆေးလ်အသင်းနှင့် စပါးအသင်းတို့ပွဲစဉ်တွင် စပါးအသင်းက ဟိုးဘတ်၏ နောက်ကျဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ ယခု ပွဲစဉ်တွင် နှစ်သင်းစလုံး အနိုင်ရမှ နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိမည်ဖြစ်သည့်အတွက် နောက်ဆုံးမိနစ်အပိုင်းအခြားအထိ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး စပါးအသင်းက အနိုင်ရလဒ်ဖော်ဆောင်ကာ နောက်တစ်ဆင့် တက်လှမ်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲစဉ်မတိုင်မီ နောက်တစ်ဆင့် တက်လှမ်းခွင့်နှင့် လွဲချော်ထားသော ဘာစီလိုနာအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပဲလ်ဇန်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**ဘိုင်ယန်မြူးနစ် အနိုင်ရ**

အခြားသော ပွဲစဉ်ရလဒ်များတွင် ဘိုင်ယန်မြူးနစ်က အင်တာမီလန်ကို နှစ်ဂိုး-ဂိုးမရှိ၊ အိုင်းယက်စ်က ရိန်းဂျားကို သုံးဂိုး-တစ်ဂိုး၊ ပေါ်တိုက အက်သလက်တီကို မက်ဒရစ်ကို နှစ်ဂိုး-တစ်ဂိုး၊ ဖရန့်ဖတ်က စပို့တင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လေဗာကူဆင်နှင့် ကလပ်ဘရုဂ်တို့ ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။

အုပ်စုနောက်ဆုံးပွဲစဉ်များ ပြီးဆုံးချိန်တွင် နောက်တစ်ဆင့်သို့ နာပိုလီ၊ လီဗာပူး၊ ပေါ်တို၊ ကလပ်ဘရုဂ်၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်၊ စပါး၊ ဖရန့်ဖတ်၊ ချယ်ဆီး၊ ရီးရဲမက်ဒရစ်၊ မန်စီးတီး၊ ပီအက်စ်ဂျီနှင့် ဘင်ဖီကာအသင်းတို့ တက်ရောက်သွားပြီဖြစ်သည်။

**အောင်ဇော်**

# နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်

၁။ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့ (Financial Action Task Force –FATF)၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ်စနစ်ကို အသုံးပြုပြီး ငွေပေးချေမှု စနစ်တကျ ရှိစေရေးအတွက်လည်းကောင်း နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ဤသို့ ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့်လုပ်ခလွှဲပို့ငွေ အပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ – ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ မြန်မာ – ထိုင်း နယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် အောက်ပါအတိုင်း စိစစ်ခွင့်ပြုပါမည်–

(က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေ(သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice) နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီကတင်ပြလာသော ပို့ကုန်မှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုသော ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ(Import Declaration–ID)ဖွင့်လှစ်ရာ၌ ပို့ကုန်မှရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေဝင်ရောက်မှုကို သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice) နှင့် ဘဏ်ငွေ စာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

၄။ သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများကို အခြေခံ၍ တင်သွင်းခွင့်ပြုမည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်မတိုင်မီ ပြီးပြတ်အောင် တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင် ပျက်ပြယ်မည်ဖြစ်ပါသည်။

၅။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့်ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်း ဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ မြန်မာ – ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ – ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ၂၀၂၂ ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလနှင့် ၂၀၂၃ ခုနှစ်တို့တွင် ကမ္ဘာ့ကုန်သွယ်မှုအခြေအနေအား လေ့လာခြင်း

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၂ ခုနှစ်၏ ပထမနှစ်ဝက်တွင် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ထရီလီယံဝန်းကျင်အထိ မြင့်တက်ခဲ့ပြီး ၂၀၂၁ ခုနှစ်၏ ကာလတူတွင် ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့်သာ ရှိခဲ့သည်။ ဤသို့ ကုန်သွယ်မှုတန်ဖိုး မြင့်တက်ခဲ့ခြင်းသည် ၂၀၂၂ ခုနှစ်တွင် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းများမြင့်တက်လာခြင်း၊ ငွေဖောင်းပွနှုန်းများ မြင့်တက်လာခြင်း၊ အတိုးနှုန်းများမြင့် တက်လာခြင်းနှင့် တခြားဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကြွေးမြီကိစ္စများရှိလာနိုင်ခြင်းတို့ကြောင့် ၂၀၂၂ ခုနှစ်၊ ဒုတိယနှစ်ဝက်ကာလများနှင့် ၂၀၂၃ ခုနှစ်တို့တွင် ကုန်သွယ်မှုအခြေအနေမှာ မူလကခန့်မှန်းထားသည့်အတိုင်း ဖြစ်လာနိုင်ဖွယ်မရှိဘဲ နှေးကွေးလာနိုင်ဖွယ်ရှိကြောင်းဟု ခန့်မှန်းထားကြသည်။

သို့သော်လည်း နိုင်ငံတကာကုန်သွယ်မှုအနေဖြင့် အစားအသောက်နှင့် စွမ်းအင်ကဏ္ဍထွက် ပစ္စည်းများမှာ မဖြစ်မနေလိုအပ်ချက်ကြောင့် ဝယ်ယူတင်သွင်းမှုများရှိနေသဖြင့် ကုန်သွယ်မှုတန်ဖိုးအနေဖြင့် မြင့်တက်နိုင်ဖွယ်ရှိသော်လည်း ကုန်သွယ်မှုပမာဏမှာ ပထမနှစ်ဝက်နှင့် နှိုင်းယှဉ်လျှင် ကျဆင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာ့အင်အားကြီးနိုင်ငံများမှပင်လျှင် တင်သွင်းမှု ပမာဏများ လျော့နည်းလာဖွယ်ရှိကြောင်း၊ ရုရှား – ယူကရိန်းဖြစ်စဉ်ကြောင့် ဥရောပနိုင်ငံများတွင် စက်သုံးဆီဈေးနှုန်းများမြင့်တက်ခဲ့၍ ထုတ်လုပ်မှုကဏ္ဍတွင် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုတွင် တင်းကျပ်သည့် ငွေကြေးမူဝါဒကြောင့် အတိုးနှုန်းမြင့်မားခြင်းသည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပေါ်တွင် များစွာအကျိုးသက်ရောက်မှုများရှိနေခြင်းကြောင့် လည်းကောင်း၊ တရုတ်နိုင်ငံတွင် ကိုဗစ်ကပ်ရောဂါကြောင့် ထုတ်လုပ်မှုကဏ္ဍတွင်ကျဆင်းနေခြင်းများကြောင့်ဟု ခန့်မှန်းလေ့လာထားသည်ကို တွေ့ရသည်။ အခြားတစ်ဖက်တွင် အစားအသောက်ကုန်စည်များ ကုန်သွယ်မှုတိုးတက်များပြားလာခြင်းသည် နောင်တွင် အစားအသောက်မလုံလောက်မှု/ပြတ်လတ်မှုအခြေအနေများ ကြုံတွေ့နိုင်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေကြရသည့် အဆိုပါပြဿနာများကို စည်းဝါးကျကျ ဟန်ချက်ညီညီ ကိုင်တွယ်ဖြေရှင်းနိုင်ရေးသည် နိုင်ငံတိုင်းတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိကြောင်း တင်ပြလိုက်ရသည်။

**ရင်းမြစ်–indoasiancommodities.com/ wto.org**



## အာဆီယံဒေသတွင်းမှ ကလေးသူငယ်များအပေါ် အွန်လိုင်းအန္တရာယ်မှ အကာအကွယ်ပေးရေး အိုင်စီတီဖိုရမ်သို့ MRTV မှဝန်ထမ်းများ online ဖြင့် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

အာဆီယံဒေသတွင်းနိုင်ငံများမှ ကလေးသူငယ်များအပေါ် အွန်လိုင်းအန္တရာယ်မှ အကာအကွယ်ပေးရေးဆိုင်ရာ အိုင်စီတီဖိုရမ် (2022 ASEAN ICT Forum on Child Online Protection) ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီက ကမ္ဘောဒီးယားနိုင်ငံက ဦးဆောင် ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများသည် မြန်မာနိုင်ငံရှိ ကလေး သူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနိုင်ငံများရှိ လူငယ်များနှင့်အတူ Online ဖြင့် တက်ရောက်ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ဖိုရမ်တွင် အရှေ့တောင်အာရှနိုင်ငံများရှိ ကလေးသူငယ်များOnline အသုံးပြုရာတွင် ရရှိနိုင်သည့် ဆိုးကျိုးများနှင့် ကာကွယ်တားဆီးနိုင်ရန် အချက်များကို Session များခွဲ၍ အသေးစိတ် ဆွေးနွေးကြပြီး ကလေးသူငယ်များအပေါ် အွန်လိုင်းမှ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားမှုပုံစံများ ကာကွယ်ခြင်းဆိုင်ရာ ဒေသစီမံချက်လှုပ်ရှားမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အာဆီယံ၏ဦးဆောင်မှုဖြင့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရများ၊ ICT ကုမ္ပဏီ များအကြား အပြန်အလှန် အမြင်ချင်းဖလှယ်ကာ အသိပညာဆွေးနွေး မျှဝေကြသည်။

အဆိုပါဖိုရမ်ကို အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children–ACWC) ဩစတြေးလျ၏ e–လုံခြုံရေးကော်မရှင်နာ၊ ဩစတြေးလျ ရှေ့နေချုပ်ဌာနနှင့် FCPAT အပြည်ပြည်ဆိုင်ရာတို့က UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စဉ့်ကူးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ အသိပညာပေး

**စဉ့်ကူး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စဉ့်ကူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယနေ့နေ့လယ်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ ၆၆/၆ (အထစ)နှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် စဉ့်ကူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရွှေဝင်းက နိုင်ငံသားစိစစ်ရေးကတ်များနှင့် ပတ်သက်၍ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပို၍ ကိုင်ဆောင်ထားပါက သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် အမြန်ဆုံးပြန်လည်အပ်နှံကြရန်၊ ကတ်အပိုများ အပ်နှံခြင်းမပြုပါက နောက်ဆုံးထုတ်ယူထားသော နိုင်ငံသားကတ်ကိုသာ အတည်ပြု၍ ယခင်ကတ်အပိုများအား ပယ်ဖျက်စာရင်းသွင်းမည်ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆(အထစ) နှင့် ပတ်သက်၍ ပုံစံ ၆၆/၆(အထစ) တစ်ခုထက်ပို၍ ကိုင်ဆောင်ထားပါက သက်ဆိုင်ရာ မြို့နယ်လဝကရုံးများတွင် အမြန်ဆုံးသွားရောက်ဖြေရှင်းသွားကြရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ အထိ တင်ပို့ရောင်းချမည်

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding-MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှာ Myanmar Rice Federation- MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate General of Food တို့မှ ဧည့်မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန်တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ကြသည်။

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး ဖြစ်သည်။ တင်ပို့ရန် ကျန်ရှိသည့်ဆန်များအနက် ဆန်တန်ချိန် ၁၅၀၀၀ ကျော်မှာ သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့် ဆန်တန်ချိန် ၁၅၀၀၀၀ ကျော်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



## စစ်ကိုင်းတိုင်းဒေသကြီး၌ တိုးချဲ့စိုက်ပျိုးသင့်သည့် အစေ့ထုတ်ပြောင်း

အစေ့ထုတ်ပြောင်း သီးနှံသည် ပြည်တွင်း မွေးမြူရေးအစားအစာနှင့် ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ အစေ့ထုတ်ပြောင်းသီးနှံကို တောင်ပေါ်ဒေသများတွင် ဇေရီ၊ ရေဆင်းစပ်မျိုး(၃)နှင့် ရေဆင်းစပ်မျိုး(၅)တို့ကို အများဆုံးစိုက်ပျိုးကြပြီး မြေပြန့်ဒေသများတွင် ရွှေဝါ(၁)၊ စူဝမ်(၃)၊ ရေဆင်းစပ်မျိုး(၂)၊ ရေဆင်းစပ်မျိုး(၃)၊ရေဆင်းစပ်မျိုး(၄)နှင့် ရေဆင်းစပ်မျိုး(၅)တို့ကို အဓိကထားစိုက်ပျိုးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၂၀၆၀၈ ဧကနှင့် ဆောင်းစိုက်ဧက ၂၅၀၂၅ ဧက စုစုပေါင်း ၂၃၅၆၃၃ ဧက စိုက်ပျိုးခဲ့သည်။ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်တင်ဘာလကုန်အထိ မိုးစိုက်ဧက ၁၅၇၆၂၃ ဧက စိုက်ပျိုးသည်။ ကန့်ဘလူခရိုင်၊ ကလေးခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အများဆုံး စိုက်ပျိုးပြီး ယခုနှစ်တွင် ငွေကျပ် လေးသိန်းခန့် ကုန်ကျလုပ်အားခများပြားခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ရာသီဥတုအခြေအနေပေါ် မူတည်၍ အစေ့ထုတ်ပြောင်း(CP)ကို ပိုမိုစိုက်ပျိုးလာကြသည်။ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ သည်။ ပေါက်ဈေးအနေဖြင့် ယခင်နှစ် အောက်တိုဘာလတွင် တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၊ ယခုနှစ် တစ်တင်းလျှင် ငွေကျပ် ၁၇၈၀၀ ရရှိသဖြင့် ယခင်နှစ်ကာလ တူနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ငွေကျပ် ၇၃၀၀ ပိုမိုရရှိသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း ၇၀ ထွက်ရှိသဖြင့် တစ်ဧက ဝင်ငွေမှာ ငွေကျပ် ၁၂ သိန်းကျော်ခန့်ရရှိသဖြင့် တစ်ဧက အကျိုးအမြတ်မှာ ငွေကျပ် ရှစ်သိန်းခန့် ရရှိကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည့်အတွက် အစေ့ထုတ်ပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။



DOCA(စစ်ကိုင်း)

## ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေးအတွက် ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိ

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် ဓာတ်ဆီ 92 Ron ၁ ဒသမ ၆၀၃ ဂါလန်သန်း၊ ဓာတ်ဆီ 95 Ron ၀ ဒသမ ၈၈ ဂါလန်သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၆၂ ဂါလန်သန်း တင်ဆောင်လာသည့် MT Yu Dong သင်္ဘောသည် ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၆၇ ဂါလန်သန်း တင်ဆောင်လာသည့် MT Intan Premier သင်္ဘော၊ ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၉၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၁၃၆ ဂါလန်သန်း တင်ဆောင်လာသည့် MT YU YI သင်္ဘောတို့ ရောက်ရှိနေပြီဖြစ်သဖြင့် ရန်ကုန်၊ သီလဝါဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ဓာတ်ဆီဈေးနှုန်း အနည်းငယ်မြင့်တက်ပြီး ဒီဇယ်ဆီဈေးနှုန်း အနည်းငယ်ကျဆင်းကြောင်း တွေ့ရှိရပါသည်။

## ၂.၁၁.၂၀၂၂ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည်ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀ | | ၁၅၀၀၀ | ၈၀၀၀ | ၂၂၅၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၁၈၀၀ | ၁၀၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၂၀၀၀၀ |
| ၂ | လားရှိုး | ၁၈၅၀ | ၁၇၀၀ | ၁၅၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၅၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၃၀၀ | | ၁၃၅၀၀ | ၈၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀၀ | | ၂၅၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၂၅၃၀၀၀၀ |
| ၄ | တောင်ကြီး | ၂၁၅၀ | ၁၉၅၀ | ၁၃၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၁၀၀၀ | ၆၀၀ | ၆၅၀၀ | ၄၈၀၀ | ၃၅၀၀ | ၂၇၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၈၅၀၀ | ၂၅၃၀၀၀၀ |
| ၅ | လွိုင်ကော် | ၂၆၀၀ | ၁၉၅၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | | ၄၃၀၀ | ၂၀၀၀ | ၄၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၂၀၀၀၀ |
| ၆ | ဘားအံ | ၁၈၀၀ | | ၁၃၅၀၀ | ၇၈၀၀ | ၁၈၀၀၀ | ၄၄၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၆၄၅၀၀၀ |
| ၇ | မော်လမြိုင် | ၁၉၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၄၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၄၁၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၄၃၀၀ | ၄၃၀၀ | ၅၀၀၀ | ၄၆၀၀ | ၂၁၀၀ | ၈၀၀ | ၆၉၀၀ | ၄၂၀၀ | ၄၅၀၀ | ၃၁၀၀ | ၂၉၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၆၅၀၀၀၀ |
| ၁၀ | ရန်ကုန် | ၁၉၀၀ | ၁၇၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၀၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၃၈၀၀ | ၄၄၀၀ | ၄၄၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၂၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၀၀ | ၁၇၅၀ | ၁၃၀၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀၀ | ၁၅၀၀ | ၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၂၀၀ | ၉၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၀၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၈၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၈၀၀၀ | ၂၇၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၆၀၀ | | ၉၅၀၀ | ၆၄၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၇၀၀ | ၈၀၀ | ၅၂၅၀ | ၄၈၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၀၅၀ | ၁၅၀၀ | ၁၀၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၅၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၄၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၅၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၆၀၀ | ၅၅၀ | ၆၃၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၀၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၆၅၀၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၆၅၀၀ | ၂၅၀၀၀ | ၄၄၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၆၈၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၇၀၀၀ | ၄၂၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၉၀၀ | ၅၂၀၀ | ၂၇၀၀ | ၂၇၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၀၀၀ | ၂၆၈၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၄၈၀၀ | ၄၀၀၀ | ၁၄၀၀ | ၅၀၀ | ၆၂၀၀ | ၄၅၀၀ | ၄၀၀၀ | ၂၆၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၆၇၅၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၀၀ | | ၁၃၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၃၆၀၀ | ၄၀၀၀ | ၅၂၀၀ | ၄၂၀၀ | ၁၅၀၀ | ၅၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၆၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၆၇၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၈၀၀၀ | | ၄၂၀၀ | ၄၀၀၀ | ၆၀၀၀ | | ၁၈၀၀ | ၇၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | | ၂၇၀၀၀၀၀ |

မှတ်ချက်။ (၁) စားအုန်းဆီ တစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၃၀၀၊ ကြက်သွန်နီတစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၀၀၊ မန္တလေးနှင့် ပြည်တွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ပဲဆီတစ်ပိဿာလျှင် ဘားအံတွင် ကျပ် ၁၅၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ကျပ် ၅၀၀၊ မုံရွာတွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် မြိတ်တွင် ကျပ် ၁၀၀၊ မြေပဲဆန်တစ်ပိဿာလျှင် မုံရွာတွင် ကျပ် ၅၀ ဈေးကျခဲ့ပါသည်။

## အရှေ့တောင်အာရှဒေသတွင်း၌ လူကုန်ကူးမှုတိုက်ဖျက်ရန် သြစတြေးလျနှင့် ထိုင်းနိုင်ငံတို့ သဘောတူစာချုပ် ချုပ်ဆို

ဘန်ကောက် နိုဝင်ဘာ ၂

သြစတြေးလျနိုင်ငံသည် ဒေသတွင်း နိုင်ငံများနှင့် ပိုမိုနက်ရှိုင်းစွာ ထိတွေ့ဆက်ဆံရန် ကြိုးပမ်းနေချိန် အရှေ့တောင်အာရှတစ်ဝန်း လူကုန်ကူးမှုတိုက်ဖျက်ရန်လည်း ထိုင်းနိုင်ငံနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့သည်။

သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်သည် ထိုင်းနိုင်ငံ ဘန်ကောက်သို့ ရောက်ရှိခဲ့ပြီး ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် နိုဝင်ဘာ ၂ ရက်က တွေ့ဆုံခဲ့သည်။



သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး ပန်နီဝေါင်နှင့် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာတို့ တွေ့ဆုံနေစဉ်။

သြစတြေးလျ နိုင်ငံခြားရေးဝန်ကြီးနှင့် ထိုင်းဝန်ကြီးချုပ်တို့သည် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် အတူတကွ ပူးပေါင်း လုပ်ဆောင်သွားရန် အပါအဝင် ဒေသတွင်း စိန်ခေါ်မှုများအကြောင်း ဆွေးနွေးခဲ့ကြသည်။

အရှေ့တောင်အာရှဒေသ၏ ပထမဆုံး လေ့ကျင့်ရေးသင်တန်းကျောင်း တည်ထောင်ရေးတွင် အကူအညီပေးရန် ဝေါင်က လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ လေ့ကျင့်ရေး သင်တန်းကျောင်းသည် လူမှောင်ခိုကူးခြင်းကို စုံစမ်းဖော်ထုတ်ရန် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သလို အရာရှိများကိုလည်း လူမှောင်ခိုကူးခြင်းကို တားဆီးရန် ကူညီပေးမည်ဖြစ်သည်။

အရှေ့တောင်အာရှ ဒေသတွင်း၌ လူကုန်ကူးမှုသည် ရေရှည်ပြဿနာတစ်ရပ်ဖြစ်သည်။ ဇူလိုင်လ နှစ်စဉ်အစီရင်ခံစာတွင်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ လူကုန်ကူးမှုဆိုင်ရာ အဆင့်လေးဆင့် သတ်မှတ်ချက်တွင် အရှေ့တောင်အာရှ နိုင်ငံငါးနိုင်ငံကို အနိမ့်ဆုံးအဆင့် သတ်မှတ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## အေအိုင်နည်းပညာဖြင့် အလိုအလျောက်မောင်းနှင်သည့်ကား ထုတ်လုပ်နိုင်ရေး ဟွန်ဒါကုမ္ပဏီကြိုးပမ်း

တိုကျို နိုဝင်ဘာ ၂

ပတ်ဝန်းကျင်အခြေအနေကို ပိုမိုမှတ်မိနိုင်သည့် ကင်မရာအသုံးပြုထားသော အလိုအလျောက် မောင်းနှင်သည့်ကားကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဟွန်ဒါကုမ္ပဏီက ကြိုးပမ်းလျက်ရှိသည်ဟု သိရသည်။

အလိုအလျောက် မောင်းနှင်နိုင်သည့်နည်းပညာကို စီးပွားရေးဈေးကွက်တွင် အသုံးချနိုင်ရေးအတွက် ဟွန်ဒါကုမ္ပဏီ၏ နောက်ထပ် ကြိုးပမ်းချက်တစ်ခုလည်းဖြစ်သည်။ အဆိုပါ နည်းပညာဖြင့် စမ်းသပ်မောင်းနှင်မှုကို ယခုလအတွင်း ဂျပန်နိုင်ငံတွင် စတင်ပြုလုပ်သွားမည်ဖြစ်သည်။ မော်တော်ကားတွင် တပ်ဆင်ထားသည့် ကင်မရာများက ပတ်ဝန်းကျင်အခြေအနေကို ပိုမိုဖမ်းယူနိုင်မည်ဖြစ်ပြီး ဘေးမှဖြတ်သန်းသွားလာနေသည့် ကားများနှင့် လမ်းသွားလမ်းလာများကိုလည်း ဘေးအန္တရာယ်မဖြစ်ဘဲ ရှောင်ရှားနိုင်သည့် နည်းပညာ ပါဝင်မည်ဖြစ်သည်။



အေအိုင်နည်းပညာဖြင့် ပြုလုပ်ထားသော ကားကို စမ်းသပ်မောင်းနှင်နေသည်ကို တွေ့ရစဉ်။

ခရီးသည်အနေဖြင့် မော်တော်ကားကို လမ်းညွှန်ရာတွင် ပိုမိုဆင်ဆာစနစ် မပါဝင်သည့်အတွက် ကားထုတ်လုပ်မှုတွင် ကုန်ကျစရိတ်လည်း နည်းပါးမည်ဟု ကုမ္ပဏီက ပြောသည်။

လွယ်ကူစေရန်အတွက် လူသားတို့၏စကားလုံးများနှင့် ဟန်အမူအရာကိုပါ နားလည်နိုင်သည့် အေအိုင်စနစ်သုံး နည်းပညာကိုပါ အဆင့်မြှင့်တင်သွားရန် ဟွန်ဒါကုမ္ပဏီက ရည်မှန်းထားသည်။ လူများ ခရီးသွားလာရာတွင် လွယ်လွယ်ကူကူနှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးအတွက် ကောင်းမွန်သည့် ရွေ့လျားမှုနည်းပညာ လိုအပ်ကြောင်းနှင့် ယင်းအတွက် ဟွန်ဒါကုမ္ပဏီမှ ကြိုးစားလုပ်ကိုင်လျက်ရှိကြောင်း အင်ဂျင်နီယာချုပ် ယာဆူအီယူဂျီက ပြောသည်။

ယခု စမ်းသပ်နေသည့် နည်းပညာကို ၂၀၃၀ ပြည့်နှစ်တွင် အသုံးပြုသွားနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ဟိန္ဒူပွဲတော်အတွင်း ၅၃ ဦးထက်မနည်း ရေနစ်သေဆုံးမှုဖြစ်ပွား

နယူးဒေလီ နိုဝင်ဘာ ၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ လေးရက်ကြာပြုလုပ်သည့် ဟိန္ဒူပွဲတော် Chhath Puja အတွင်း ၅၃ ဦးထက်မနည်း ရေနစ်သေဆုံးမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသမီဒီယာက ဖော်ပြသည်။

ပွဲတော်ကျင်းပသည့် လေးရက်တာကာလအတွင်း ပြည်နယ်တစ်ဝန်းရှိ မြစ်များနှင့် ရေကန်များအတွင်း ၅၃ ဦးထက်မနည်း ရေနစ်သေဆုံးမှု ဖြစ်ပွားကြောင်းနှင့် ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် အောက်တိုဘာ ၃၁ ရက်တွင် သေဆုံးသူ ၁၈ ဦးထက်မနည်း ရှိကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရာရှိတစ်ဦး၏ ပြောကြားချက်ကို ဒေသမီဒီယာက ကိုးကားဖော်ပြထားသည်။

ဘီဟာပြည်နယ်ဝန်ကြီးချုပ် နီတစ်ချ်ကူမာက ရေနစ်သေဆုံးသူများနှင့်ပတ်သက်ပြီး လွန်စွာဝမ်းနည်းကြောင်း ပြောကြားပြီး သေဆုံးသူမိသားစုဝင်တစ်ဦးချင်းစီအတွက် အမေရိကန်ဒေါ်လာ ၄၈၃၃ (ရူပီး ၄၀၀၀၀၀) ကို လျော်ကြေးပေးအပ်မည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့သည်။ ထို့အပြင် သေဆုံးသူများ၏ မိသားစုဝင်များကို လျော်ကြေးအလျင်အမြန်ပေးအပ်ရန် ဝန်ကြီးချုပ်က ခရိုင်တရားသူကြီးအားလုံးကိုလည်း ညွှန်ကြားထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ ဟိန္ဒူအများစုသည် ရေကန်များ၊ မြစ်များသို့ သွားရောက်ကာ ပန်းများပူဇော်ပြီး ပွဲတော်ကို ဆင်နွှဲကြကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၌ အောက်တိုဘာ ၃၀ ရက်ကလည်း နိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ လူကူးကြိုးတံတားပြတ်ကျမှုကြောင့် လူပေါင်းတစ်ရာကျော် သေဆုံးမှု ဖြစ်ပွားခဲ့သေးသည်။

**ဆင်ဟွာ**



## သီရိလင်္ကာ၌ အဆိပ်ငွေ့များ ရှူရှိုက်မိခြင်းကြောင့် ကျောင်းသား ကျောင်းသူများ ဆေးရုံတင်ထားရ

ကိုလံဘို နိုဝင်ဘာ ၂

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ဆင်ခြေဖုံးရှိ စာသင်ကျောင်းတစ်ကျောင်း၌ အဆိပ်ငွေ့ရှူရှိုက်မိပြီးနောက် ဒါဇင်နှင့်ချီသော ကျောင်းသား ကျောင်းသူများကို ဆေးရုံသို့ ပို့ဆောင်ထားရကြောင်း နိုဝင်ဘာ ၂ ရက်တွင် ရဲတပ်ဖွဲ့က ပြောသည်။

စာသင်ကျောင်းနှင့် ကပ်လျက် မြေကွက်တွင် စွန့်ပစ်ထားသော ရော်ဘာထုတ်ကုန်အချို့ မီးလောင်မှုကြောင့် စာသင်ခန်းအများအပြား မီးခိုးလုံးများ ဝန်းရံပိတ်ဆို့ထားကြောင်း၊ အဆိုပါ မီးခိုးငွေ့များကို ရှူရှိုက်မိပြီး ကျောင်းသားကျောင်းသူများ မူးမေ့လဲသွားပြီးနောက် ဒေသခံဆေးရုံ၏ ရှေးဦးပြုစု ကုသဆောင်သို့ ပို့ဆောင်ထားရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။



ဆေးရုံတက်ရောက် ကုသနေသော ကျောင်းသား ကျောင်းသူများ၏ အခြေအနေမှာ ကောင်းမွန်မှုရှိသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ထို့အပြင် စွန့်ပစ်ထားသော ရော်ဘာ ထုတ်ကုန်များအား မီးတင်ရှို့သူတွေကို ရှာဖွေဖော်ထုတ်နေကြောင်း ရဲတပ်ဖွဲ့က ဆက်ပြောသည်။

**ဆင်ဟွာ**

## အမေရိကန် ကော်လိုရာဒို၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

ဝါရှင်တန် နိုဝင်ဘာ ၂

အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ် မြို့တော် ဒန်ဗာ၌ နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး တခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ဒန်ဗာရဲဌာနက သေနတ်ပစ်ခတ်ခံရသူ ငါးဦး တွေ့ရှိခဲ့ပြီး လေးဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်းနှင့် တစ်ဦးမှာ သေဆုံးခဲ့ကြောင်း တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်မှုတွင် သံသယရှိသူအသုံးပြုခဲ့ပုံရှိသော ကားမည်းတစ်စီး၏ပုံကို ရဲအရာရှိများက တွစ်တာတွင် ဝေမျှထားပြီး အဆိုပါယာဉ်နှင့် ပတ်သက်ဆက်နွှယ်သူများကိုသိသည့် မည်သူမဆို ရဲဌာနကို ချက်ချင်းဆက်သွယ်ရန် တိုက်တွန်းပြောကြားထားသည်။

ရဲဌာနက အစောပိုင်းဖော်ပြချက်တွင် ဗာဘီနာလမ်းပေါ်၌ ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုတွင် သေနတ်ပစ်ခတ်ခံရသူ ခြောက်ဦးရှိကြောင်း ဖော်ပြခဲ့သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲဌာနက ဆက်လက် ပြောကြားသည်။

**ဆင်ဟွာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၀၀ | ၂၉၂၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၆၄၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၁၅ | ၂၇၂၀ | ၂၇၂၀ | ၂၉၄၀ | ၃၆၇၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၁၅ | ၂၇၂၀ | ၂၇၂၀ | ၂၉၄၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၉ | ၁၉၈၁ |
| 95 Ron | ၁၉၉၅ | ၂၀၆၉ |
| HSD (500 ppm) | ၂၄၄၈ | ၂၅၂၆ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၁၉ | ၂၅၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တရားမဝင် သစ်မျိုးစုံ၊ အလှကုန်ပစ္စည်း၊ ရေယာဉ်နှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်(ရေ) ဦးဆောင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဲချောင်းကျေးရွာ ဒိုမယ်ကျွန်း သံကတော့အော် တောင်ဘက်ကမ်းခြေတွင် တရားမဝင်သစ်မျိုးစုံ ၁၀ ဒသမ ၂၈၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၃၁၁၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် သစ်သားကိုယ်ထည် စက်လှေတစ်စင်းနှင့် ဆပ်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀)ကိုလည်းကောင်း၊ တာရပိုင်းကျေးရွာ ပင်ပွားကျွန်းအနောက်ဘက် ရေပြင်တွင် တရားမဝင် လေသရက်ခွဲသား ၅ ဒသမ ၂၀၂၈ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၈၀၄၂၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည် စက်လှေတစ်စင်းနှင့် ဆပ်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၂၃၅၃၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လှည်းကူးခရိုင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့မှ ဒုတိယရဲမှူးကြီး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရန်ကုန်-ပဲခူးလမ်း ဒရယ်ဘိုတိုးဂိတ်အနီးတွင် လိုင်စင်မဲ့ Hijet (Daihatsu) အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတ်လိပ် ၁၀ လိပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် နောင်ခွန်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာလေမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ တင်သွင်းခွင့်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၁၂၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၉ ဒသမ ၆၄၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၃၇၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၃၁ ရက် နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ်၂၈၄၅၉၉၂၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

တောင်ကြီးမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာအုပ်စု ဖက်နံကျေးရွာနေ နိုင်လင်းထက်၏ လယ်တဲသို့ ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ဖိုးသဲ၊ အောင်ဘိုဟိန်း၊ ဇော်ထက်အောင်နှင့် မျိုးကိုကိုထိုက်တို့ လေးဦးကို တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၅၀ နှင့် မြန်မာငွေကျပ် ၀ ဒသမ ၅၆ သိန်းတို့ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုံး(ခ)ကျေးရွာအုပ်စု ဝမ်ဆောက်ခုံကျေးရွာနေ တီးတိုး(ခ)ဆမ်ခမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် အိုက်စ် ၀ ဒသမ ၀၃ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် အားဆက်ယာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၂–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန် ဆောင်ရွက်လျက်ရှိပြီး (၁–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၁၁–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၇၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၃၀,၈၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၉၂၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၆,၀၂၂) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၃) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁–၁၁–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၁၂,၃၂၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၉၃,၂၉၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁–၁၁–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၁၂,၃၂၀ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၉၃,၂၉၄ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၁၅–၁၀–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်–၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ် ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၄၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၄၀၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၅၁၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၁၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၉၇၈



ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခု၌ ကျောင်းသား ကျောင်းသူ ၁၀၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နှင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# လူ့အဖွဲ့အစည်းနှင့် ကိုယ်ကျင့်သီလ

ဟန်နိုင်စိုး

ကျွန်တော်တို့ရဲ့ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက ကိုယ်ကျင့်သီလနဲ့ပတ်သက်ပြီးတော့ အခုလို မိန့်ကြားဖူးပါတယ်။ "လူ့လောကမှာ အင်မတန်ကောင်းတဲ့ ကိုယ်ကျင့်သိက္ခာ ငါးပါးသီလကိုတော့ အပြည့်အဝမထိန်းချင်ကြဘူး။ အလှူအတန်းကြီးတွေတော့ မဏ္ဍပ်ကြီးတွေထိုးပြီး အကြီးအကျယ်ပေးတယ်။ အဆောင်အယောင်တွေ၊ ပကာသနတွေ။ သီလထိန်းတာက လူမမြင်ရတော့ အရသာက တယ်မရှိဘဲကိုး။ မဏ္ဍပ်ကြီးနဲ့ အလှူကြီးပေးတာကတော့ လူမြင်သူမြင်မို့ ဟိုကချီးမွမ်း၊ ဒီကချီးမွမ်း အရသာရှိတယ်။ သာယာဖွယ်ဖြစ်တယ်။ အင်း ... သံသရာနဲ့ ကြည့်လိုက်တော့ လူချီးမွမ်းမခံရတဲ့ သီလကမှ စိတ်ချရတာပဲ။ ဘဝကူးကောင်းဖို့နဲ့ ပတ်သက်လာလျှင် သီလကဒါနထက်ပိုပြီး အားကိုးရတယ်။ တချို့မျှား သီလဖျက်ပြီးတော့ စီးပွားရှာလိုက်ကြတာ။ သားသမီးတွေကလည်း မိဘလုပ်တဲ့အတိုင်း လိုက်လုပ်ကြတာပဲ။ သံသရာထဲမှာ ရင်လေးစရာပေါ့။ သံသရာခရီးတစ်လျှောက်လုံး အတွက်ပါ ကြည့်ရမှာ" လို့ ဆရာတော်ဘုရားကြီး ဆုံးမခဲ့ဖူးတာကို စာပေတွေထဲကနေ မှတ်သားဖူးတယ်။

## သီလစောင့်ဖို့ တွန့်ဆုတ်နေ

ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဒါနအား အင်မတန်ကောင်းတာ ကမ္ဘာမှာ ကျော်ကြားပါတယ်။ ထိုနည်းတူစွာပဲ မြန်မာတွေ သီလအားကောင်းတာကိုလည်း ကမ္ဘာကျော်စေချင်တယ်။ ဒါပေမယ့် မြန်မာတွေရဲ့ သီလစောင့်ထိန်းမှုက ဒါနထက် အားနည်းတာတော့ အမှန်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရပ်ထဲမှာ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ "အူမ တောင့်မှ သီလစောင့်မယ်" တဲ့။ အဲဒီစကားကို သေချာစေ့ငုကြည့်လိုက်ရင် "အူမ မတောင့်ရင် သီလမစောင့်နိုင်ဘူး" ဆိုတဲ့ သဘောသက်ရောက်နေတာ။ အူမကတော့ ဘယ်အချိန်၊ ဘယ်အခါမှ တောင့်မလဲဆိုတာ မသိဘူး။ ဒီစကားအရ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတာတော့ ထင်ရှားတယ်။ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတော့ ဘာဖြစ်သလဲ။ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းလာတတ်တယ်။

လူတွေဟာ အူမတောင့်ဖို့အတွက် နေ့စဉ်နဲ့အမျှ စီးပွားဥစ္စာတွေရှာကြရ၊ ဖွေကြရတယ်။ အလုပ်တွေ လုပ်ရတယ်။ နှုတ်နဲ့ပြောပြီး အလုပ်လုပ်တယ်။ ကိုယ်ကာယစိုက်ထုတ်ပြီးတော့ စီးပွားဥစ္စာတွေ ရှာကြရတယ်။ အဓိကကတော့ အူမတောင့်ဖို့၊ ဝမ်းရေး ဖြည့်တင်းဖို့အတွက်ပါပဲ။ ဒါကို အသက်မွေးဝမ်းကျောင်းလို့လည်း ခေါ်ကြတယ်။

အဲဒီလို အသက်မွေးဝမ်းကျောင်းလုပ်တဲ့အခါမှာ လူတွေအားလုံးဟာ ကောင်းမွန်တဲ့ စိတ်နေစိတ်ထားနဲ့ချည်း အလုပ်လုပ်နေကြတာတော့ မဟုတ်ဘူး။ အချို့ကမကောင်းတဲ့ အနေအထားတွေနဲ့လည်း လုပ်ကြတယ်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ စိတ်ဓာတ်နဲ့၊ မိမိကြီးပွားရင်ပြီးရော တခြားလူတွေ ဘာဖြစ်ဖြစ်ဆိုတဲ့ အနေအထားမျိုးနဲ့လည်း အလုပ်လုပ်ကြတယ်။ ဥပမာ စီးပွားရှာတဲ့အခါမှာ ကိုယ်အူမတောင့်ဖို့အတွက် စားသောက်ကုန်တွေဆိုလည်း အတုလုပ်တာတွေရှိတယ်။ ဆေးဝါးတွေဆိုရင်လည်း အတုလုပ်တာတွေရှိတယ်။ ဆီဆိုလည်း မသန့်တာတွေနဲ့ရောတယ်။ အကြော်အလှော်ဆိုလည်း မသန့်တာတွေနဲ့ရောတယ်။ အသီးအနှံတွေကအစ ဆိုးဆေးတွေသုံးတယ်။ နွားနို့ဆိုရင်လည်း ရေလေးနည်းနည်းတော့ ရောလိုက်ရမှ နေသာထိုင်သာရှိတယ်။ အချို့ငါးပိထုတ်လုပ်တဲ့ပုဂ္ဂိုလ်တွေကလည်း ဓာတ်မြေဩဇာတွေနဲ့ ရောတယ်လို့ သတင်းတွေ ကြားနေရတာပဲ။ ငါးပိကြိုက်တဲ့ မြန်မာလူမျိုးတွေရဲ့ ကျန်းမာရေး ဘယ်လောက် ထိခိုက်ကုန်မလဲ။

## ရောဂါဝေဒနာတွေ တဖြည်းဖြည်းများလာ

အခုမြန်မာနိုင်ငံမှာ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါတို့ ပိုပိုပြီးတော့ များလာတာဟာ အဲဒီလို အစားအသောက်တွေကြောင့်ဖြစ်တယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးတယ်။ ဓာတုဗေဒဆေးတွေ၊ ဓာတ်မြေဩဇာတွေ အလွန်အကျွံအသုံးပြုပြီးတော့ စိုက်ပျိုးထားတဲ့ သီးနှံတွေကို စားကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဆေးကုလို့ မဆုံးနိုင်အောင် ရောဂါဝေဒနာတွေ ဖြစ်လာကြမှာပဲ။ ဒ့ါကြောင့်မို့လို့ ရောဂါဝေဒနာတွေ တဖြည်းဖြည်းများလာတာဟာ အကုသိုလ်ကံကြောင့် ချည်းသက်သက်တော့မဟုတ်ဘူးရယ်။ လူတွေရဲ့ အကျင့်သီလချို့ယွင်းခြင်းကြောင့် ရောဂါဝေဒနာတွေ ပိုပိုပြီးတော့ ဖြစ်လာတာလည်းပါတယ်လို့ ပညာရှိ ဆရာတော်ဘုရားကြီးတွေက မိန့်ဆိုကြတယ်။ တချို့ကလည်း ဒါကို "အူမတောင့်မှ သီလစောင့်နိုင်မယ်" ဆိုတဲ့စကားကို တွင်တွင်ကျယ်ကျယ်ပြောနေကြတယ်။ တကယ်တော့ သီလဆိုတဲ့ သဘောတရားက ပတ်ဝန်းကျင်နဲ့ ဆက်စပ်ပြီးနေတာဖြစ်တယ်။

အလွယ်ဆုံးထပ်ပြီးတော့ ပြောရရင် မြန်မာတွေ သီလနဲ့ပတ်သက်ပြီးတော့ အလွန်ကို နားလည်လွယ်တဲ့ ငါးပါးသီလအကြောင်းပဲ အရင်စဉ်းစားကြည့်ပါဦး။ ဥပမာ သူတစ်ပါးအသက်ကို မသတ်ပါဘူးဆိုတဲ့ ပါဏာတိပါတကံကို ထိန်းမယ်ဆိုရင် ပုဂ္ဂိုလ်၊ သက်ရှိသတ္တဝါရှိတဲ့ ပတ်ဝန်းကျင်နေရာမှာပဲ စောင့်ထိန်းလို့ရတယ်။ ပုဂ္ဂိုလ်၊ သက်ရှိသတ္တဝါ၊ တစ်ဦးတစ်ယောက်မှမရှိတဲ့နေရာဆိုရင် အဲဒီကံကို ကျူးလွန်ချင်ရင်တောင် ကျူးလွန်လို့မရဘူး။

အဒိန္နာဒါနဆိုရင်လည်း ဒီအတိုင်းပဲ ခိုးစရာပစ္စည်းမရှိ၊ ခိုးစရာပစ္စည်းလည်းမတွေ့နိုင်တဲ့ ပတ်ဝန်းကျင်နေရာမျိုးမှာ ဘယ်ဟာကိုသွားခိုးမလဲ။ ခိုးစရာပစ္စည်းလည်းရှိ၊ ပတ်ဝန်းကျင်လည်းရှိလို့သာ ကျူးလွန်လို့ရတာ။ မုသာဝါဒလည်း တူတူပါပဲ။ လိမ်ညာပြောဆိုခံရမယ့် ပုဂ္ဂိုလ်၊ သတ္တဝါက ရှိဦးမှ လိမ်ညာပြောဆိုလို့ရတာလေ။

ကာမေသုမိစ္ဆာစာရလည်း ထို့အတူပါပဲ။ အဲဒီကံကျူးလွန်မယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာ သူတစ်ပါး၊ သားမယားက အဆင်သင့်ရှိနေဦးမှ ကျူးလွန်လို့ရတာ။ သုရာမေရယဆိုရင်လည်း ပတ်ဝန်းကျင်နဲ့ အများကြီးဆက်စပ်တယ်။ ရှည်ရှည်မဝေးပါနဲ့ဦး။ အရက်သေစာ သောက်စားလို့ မူးယစ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဆိုရင် သူ့မိသားစု ဒုက္ခရောက်တယ်။ အရက်စွဲနေတယ်၊ မူးယစ်ဆေးဝါးစွဲနေတယ်ဆိုရင် သူ့မိသားစုက နံပါတ်တစ် အရင်ဒုက္ခရောက်ရတယ်။

## သီလဆိုတဲ့ သဘောက အဓိပ္ပာယ်တွေ အများကြီးရှိ

ဆိုတော့ သီလဆိုတဲ့ သဘောက ပတ်ဝန်းကျင်နဲ့ ဆက်စပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်တွေအများကြီး ရှိတယ်။ Society တစ်ခုမှာ လူတစ်ယောက် ကိုယ်ကျင့်သီလကောင်းလိုက်ရင် ကိုယ့်ပတ်ဝန်းကျင်မှာ အများကြီးစိတ်ချမ်းသာရရတယ်။ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်ကစပြီး တစ်နိုင်ငံလုံး စောင့်ထိန်းနိုင်လေ၊ တစ်နိုင်ငံလုံး အေးချမ်းလေ၊ တစ်ကမ္ဘာလုံးစောင့်ထိန်းနိုင်လေ တစ်ကမ္ဘာလုံး အေးချမ်းလေဖြစ်မှာပဲ။

✲ ကျွန်တော်တို့ မြန်မာလူမျိုးတွေ ဒါနအား အင်မတန်ကောင်းတာ ကမ္ဘာမှာ ကျော်ကြားပါတယ်။ ထိုနည်းတူစွာပဲ မြန်မာတွေ သီလအားကောင်းတာကိုလည်း ကမ္ဘာကျော်စေချင်တယ်။ ဒါပေမယ့် မြန်မာတွေရဲ့ သီလစောင့်ထိန်းမှုက ဒါနထက် အားနည်းတာတော့ အမှန်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အရပ်ထဲမှာ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းရှိတယ်။ "အူမ တောင့်မှ သီလစောင့်မယ်" တဲ့။ အဲဒီစကားကို သေချာစေ့ငုကြည့်လိုက်ရင် "အူမ မတောင့်ရင် သီလမစောင့်နိုင်ဘူး" ဆိုတဲ့ သဘောသက်ရောက်နေတာ။ အူမကတော့ ဘယ်အချိန်၊ ဘယ်အခါမှ တောင့်မလဲဆိုတာ မသိဘူး။ ဒီစကားအရ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတာတော့ ထင်ရှားတယ်။ သီလစောင့်ဖို့အတွက် တွန့်ဆုတ်နေတော့ ဘာဖြစ်သလဲ။ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ စိတ်ဓာတ်တွေ ကိန်းအောင်းလာတတ်တယ်

ကိုယ်ကျင့်သီလနဲ့ ပတ်သက်ပြီးတော့ အနောက်တိုင်းပညာရှိတွေရဲ့ ထင်ရှားတဲ့အဆိုအမိန့်တစ်ခုကိုလည်း ချန်မထားခဲ့ချင်လို့ တင်ပြပါရစေ။ အဲဒါကတော့ "when wealth is lost, nothing is lost. When health is lost, something is lost. When character is lost, everything is lost." ဆိုတဲ့ စကားပါ။ ဥစ္စာခနေ ဆုံးရှုံးသောအခါ ဘာမျှ မဆုံးရှုံးသေးပါ။ ကျန်းမာမှုဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုဆုံးရှုံးပါပြီ။ ကိုယ်ကျင့်တရားဆုံးရှုံးရင်တော့ အားလုံးကိုဆုံးရှုံးပြီလို့ ဆိုပါတယ်။

ကိုယ်ကျင့်တရားကို ပါဠိလို "သီလ" လို့ ခေါ်တယ်လို့ ဆရာကြီးဒေါက်တာ မင်းတင်မွန်ရဲ့ "မြတ်သီလ" စာအုပ်မှာ ဖော်ပြထားတယ်။ ဆိုတော့ "When Character is lost, Everything is lost." စကားအတိုင်းပါပဲ။ လူသားတွေအားလုံးဟာ ကိုယ့်ကျင့်သီလတွေ ဆုံးရှုံးရင်တော့ အားလုံးကို ဆုံးရှုံးရပါပြီ။ "အူမတောင့်မှ သီလစောင့်မယ့်" လူတွေများလာရင် အထက်မှာဆိုခဲ့သလို စားသောက်ကုန်အတု၊ ဆေးဝါးအတုတွေနဲ့ မူးယစ်ရမ်းကားနေတဲ့သူ၊ ခါးထောက်လုယက်မယ့်သူတွေ၊ လိမ်ပြောတဲ့သူ၊ သူတစ်ပါးသားမယားစော်ကားတဲ့သူတွေနဲ့ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေများလာရင် လူ့အဖွဲ့အစည်းတစ်ခုဟာ ချည့်နဲ့သွားပါလိမ့်မယ်။

## သီလခြံရံပြီး ပြုတဲ့ဒါနမှ ပိုပြီးအကျိုးပေးနိုင်

အနှစ်ချုပ်ရရင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသရဲ့ အဆုံးအမတစ်ခုနဲ့ အဆုံးသတ်ချင်ပါတယ်။ အဲဒီအဆုံးအမကတော့ "လူတစ်ယောက်ဟာ ဒါနမရှိပေမယ့် သီလရှိနေရင်ပဲ အပါယ်မရောက်နိုင်ပါဘူး။ ဒါနမရှိတာက အကျိုးမရတာပဲရှိမယ်။ သီလမပါခဲ့ရင်တော့ အပါယ်လေးပါးကို စိတ်မချရဘူး။ တစ်ခါဒါနပြုတဲ့အခါမှာလည်း သီလမပါဘဲနဲ့ပြုရင် အကျိုးပေးမသန်နိုင်ဘူး။ သီလခြံရံပြီး ပြုတဲ့ဒါနမှ ပိုပြီးအကျိုးပေးသန်နိုင်တယ်။ ဒါကြောင့် သီလကတော့ အခြေခံပဲ။ သီလကတော့ ဇာတ်လိုက်ပဲ။ သီလကို လက်လွတ်လို့ မဖြစ်ဘူး။" ဟူ၍ပင် ဖြစ်ပါတယ်။

ပြီးတော့ ဗုဒ္ဓသာသနာမှာ လိုရင်းအနှစ်ချုပ်က ဒါန၊ သီလ၊ ဘာဝနာလို့ပဲဆိုဆို၊ သီလ၊ သမာဓိ၊ ပညာလို့ပဲပြောပြော အဲဒီနှစ်ခုစလုံးမှာ သီလကတော့ မပါမဖြစ်ပါဘဲ။ သီလကတော့ ဘုံပါနေတာပါပဲ။ ဒါနဆိုတာ သူတစ်ပါးချမ်းသာအောင် ပြုလုပ်ရတာဖြစ်ပြီး သီလကတော့ သူတစ်ပါးမဆင်းရဲအောင် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးစလုံးကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အလုပ်ပဲဖြစ်ပါတယ်။ ဒ့ါကြောင့် မိမိကိုအကြောင်းပြုပြီး သူတစ်ပါးမဆင်းရဲရလေအောင်၊ လူ့အဖွဲ့အစည်း မပျက်စီးရလေအောင် ကိုယ်ကျင့်သီလကို အတတ်နိုင်ဆုံး ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေခင်ဗျာ။

စာဖတ်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေခင်ဗျာ။ ။

**ကိုးကား-**

- မဟာဂန္ဓာရုံဆရာတော်၏ လူဝတ်ကြောင်တို့အတွက် နံနက်ခင်းဩဝါဒများ
- အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ (Ph.D)၏ သီလ နှင့် ပညာတရားတော်
- ဒေါက်တာမင်းတင်မွန်၏ "မြတ်သီလ" စာအုပ်

# သက်သတ်လွတ်သမား ကျန်းမာသလား

ဆရာနောင်

**သက်သတ်လွတ်စားသည့် သမိုင်းကြောင်းကို ပြန်ကြည့်သည့်အခါ ဤအကျင့်သည် ဘီစီ ၅၀၀ ခုနှစ် လောက်ကပင်ရှိနေပြီဟု သမိုင်းမှာ ဆိုပါသည်။ နာမည်ကျော် သင်္ချာပညာရှင် ပိုက်သဂိုးရပ်စ်သည် ထိုခေတ်ထိုအခါက ထင်ရှားသော သက်သတ်လွတ်သမားတစ်ယောက်ဖြစ်သည်။ ဤဘက်ခေတ်တွင် သက်သတ်လွတ်စားခြင်းကို ကျင့်စဉ်တစ်ရပ်အဖြစ် ပြန်လည်ဖော်ထုတ်သူတို့မှာ နာမည်ကျော် အင်္ဂလိပ်ကဗျာဆရာ ပီဘီရှယ်လီနှင့် ဒေါက်တာဝီလျံလမ်ဘီတို့ ဖြစ်သည်ဟု သိရပါသည်။ ဗီဂန်နစ်ဇင် သို့မဟုတ် သက်သတ်လွတ်စားခြင်းဟူသော ဝေါဟာရကို ဖော်ထုတ်အမည်ပေးသူမှာ ဒေါ်နယ်ဝပ်ဆန်ဆိုသူဖြစ်ပြီး ထိုအမည်ကို ၁၉၄၄ ခုနှစ် နိုဝင်ဘာလမှာ ပေးခဲ့ပါသည်။**

မြန်မာနိုင်ငံတွင် သက်သတ်လွတ်စားခြင်း သမိုင်းကို အသေအချာမသိရသော်လည်း ဗုဒ္ဓဘာသာ မြန်မာပြည်သို့ ရောက်လာသည့် အနော်ရထာမင်းစောလက်ထက် လွန်ခဲ့သော နှစ်တစ်ထောင်နီးပါးမှာ ထိုအလေ့အကျင့်ရှိနေနိုင်ကောင်းသည်ဟု မှန်းဆကြည့်ရပါသည်။ ဗုဒ္ဓဘာသာအယူအရ ပါဏာတိပါတာ သူ့အသက်သတ်ခြင်းသည် သံသရာတွင် ဝဋ်ပြန်ခံရသည်အထိ ကြီးလေးသောအမှုဖြစ်ပါသည်။ သို့ဖြစ်၍ ဘာသာတရား အလေးအနက် လိုက်စားသော ဗုဒ္ဓသာဘာသာဝင်တွေထဲမှာ အနည်းဆုံး မိမိမွေးသည့် နေ့တစ်ရက်ကို သက်သတ်လွတ်စားကြသူတွေ ရှိပါသည်။ ပါရမီကြီးသူတွေက ရာသက်ပန်သက်သတ်လွတ်စားကြခြင်းမျိုးလည်းရှိပါသည်။



### သက်သတ်လွတ်သမားတွေ များလာလျှင် ကမ္ဘာမြေကို ကယ်တင်ရာရောက်

ဟင်းသီးဟင်းရွက် သစ်သီးဝလံတို့ကို နေ့စဉ်မဖြစ်မနေစားသုံးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်စေသည်ဟူသော သိပ္ပံဆိုင်ရာ တွေ့ရှိချက်ကြောင့် ကမ္ဘာတစ်လွှားမှာ သက်သတ်လွတ်စားခြင်း ဓလေ့ပြန်လည်ထွန်းကားလာပါသည်။ လုံးလုံးလျားလျား အသားမစားခြင်း သို့မဟုတ် အတိုင်းအတာတစ်ခုထိ အသားမစားခြင်းသည် လူဆန်သော ယဉ်ကျေးမှုရှုထောင့်မှကြည့်လျှင် အလွန်လုပ်သင့်သော အလုပ်ဖြစ်ပါသည်။ အသားမစားခြင်းဖြင့် သတ္တဝါတွေကို ညှဉ်းဆဲသတ်ဖြတ်ရန်မလို။ သတ္တလောကထဲမှာနေသူ အချင်းချင်း လူက အခြားသော သတ္တဝါတွေအပေါ် ကိုယ်ကျိုးရှာ အမြတ်ထုတ်သည့် အလုပ်ကိုလည်း ရှောင်ကြဉ်ပြီး ဖြစ်သွားသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမြင်ဖြင့်ကြည့်လျှင် အသားတစ်ပိဿာ ထုတ်လုပ်ရာတွင် ထွက်ပေါ်သော ကာဗွန်ဒိုင်အောက်ဆိုက်သည် ဟင်းသီးဟင်းရွက်ဟင်းရွက်တစ်ပိဿာ ထုတ်လုပ်ရာတွင် ထွက်သောကာဗွန်ဒိုင်အောက်ဆိုက်ထက်များစွာ ပိုပါသည်။ ထိုဓာတ်ငွေ့ကြောင့် ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဆိုင်ရာဆိုးကျိုးများ ပေါ်ပေါက်နေသည်ဖြစ်ရာ သက်သတ်လွတ်သမားတွေ များလာလျှင် ကမ္ဘာမြေကို ကယ်တင်ရာရောက်ပါသည်။

သက်သတ်လွတ်စားခြင်းသည် လုပ်ထိုက်သောအလုပ်ဖြစ်သည်မှာမှန်လျော်လည်း ကျန်းမာရေးအတွက်အမှန်တကယ် သင့်တော်ပါ၏လားဆိုသည်ကို ဆန်းစစ်ဖို့တော့ လိုပါသည်။ ဤကျင့်စဉ်မှာ အားသာချက် အတော်များများရှိသလို အားနည်းချက်တွေလည်းရှိသောကြောင့် ဖြစ်ပါသည်။ သက်သတ်လွတ်စားသည်ဟုဆိုရာဝယ် ခန္ဓာကိုယ်အတွက်မရှိမဖြစ်လိုအပ်သောအာဟာရဓာတ်တွေကို ရဖို့တော့ လိုပါသည်။ စနစ်တကျမဟုတ်ဘဲ ကြုံရာကျပန်း သက်သတ်လွတ်စားခြင်းဖြင့် အချို့သော မရှိမဖြစ် အာဟာရဓာတ်တို့ကို မရနိုင်ပါ။ ဟင်းသီးဟင်းရွက်သစ်သီးဝလံတို့ကို မျှတအောင်တွဲဖက်စားသုံးတတ်မှသာလျှင် ပြည့်စုံသောအာဟာရဓာတ်တို့ကို ရနိုင်ပါမည်။ သက်သတ်လွတ်စားခြင်း၏ ထူးခြားသောကောင်းကျိုးမှာ ဖလေဗိုနွိုက်ဟုခေါ်သော အပင်ထွက်ဓာတ်တို့ကို ရနိုင်ခြင်းဖြစ်သည်။

ထိုဓာတ်က ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုနည်းအောင် ကူညီသည်။ နာတာရှည်ကိုယ်တွင်းရောင်ရမ်းမှုသည် ကင်ဆာ၊ ဆီးချို၊ သွေးတိုးနှင့် နှလုံးရောဂါများကို ဖြစ်စေသည့် အကြောင်းရင်းဟု သိပ္ပံပညာက ဆိုပါသည်။ ဖလေဗိုနွိုက်က ခန္ဓာကိုယ်တွင်း ဓာတ်တိုးမှုများကို အထိုက်အလျောက်တားဆီးသော အစွမ်းလည်းရှိရာ ယင်းကြောင့် ကျန်းမာရေးကောင်းမွန်နိုင်ပါသည်။ ထို့သို့သော အကျိုးတရားတွေကို အသားစားခြင်းမှ မရနိုင်ပါ။

သက်သတ်လွတ်စားခြင်း၏ကောင်းကွက်တချို့ကို ပြောပြီးပြီဟုဆိုသည့်အခါ အားနည်းချက်တချို့ကိုလည်း ကြည့်ကြပါမည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေသည် အသားမဟုတ်သဖြင့် ထိုအရာတွေကိုစားခြင်းသည် အသားဓာတ် ချို့တဲ့စေနိုင်သည် မဟုတ်ပါလောဟု ဆိုစရာတွေရှိပါသည်။ မှန်ပါသည်။ အသားမှာ လူ့ခန္ဓာကိုယ်အသားဓာတ် ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်သော မရှိမဖြစ်အခြေခံအသားဓာတ် (အမိုင်နိုအက်စစ်) ကိုးမျိုးစလုံး ပြည့်စုံစွာပါဝင်သည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံတွေထဲမှာ ပဲပုပ်၊ ရေညှိ၊ စိမ်းပြာရေညှိနှင့် ကီနိုအာစေ့ (ဆန်ဂျုံတို့လို ကောက်နှံစေ့တစ်မျိုး)တို့ လောက်မှာပဲ မရှိမဖြစ် အခြေခံအသားဓာတ် ပြည့်စုံစွာပါသည်။ ထို့ကြောင့် သက်သတ်လွတ်စားမည်ဆိုလျှင် ကျွမ်းကျင်သော အာဟာရပညာရှင်နှင့် တိုင်ပင်၍ဖြစ်စေ အင်တာနက်မှာ စေ့စေ့စပ်စပ်လေ့လာ၍ဖြစ်စေ ဆောင်ရွက်သင့်ပါသည်။

> **“ဗီတာမင်ဒီသည် အရိုးအတွက် အကျိုးပြုရုံသက်သက်မဟုတ်ဘဲ ခန္ဓာကိုယ်၏ လုပ်ငန်းစဉ် အတော်များများတွင် ပါဝင်ကြောင်း တွေ့ထားပါသည်။ ခန္ဓာကိုယ်ခုခံအားကောင်းရေး ဆောင်ရွက်ပေးသဖြင့် ကိုဗစ်ဝေဒနာ အပြင်းအထန်ခံစားရသူတချို့ ဗီတာမင်ဒီ ဆေးချိန်မြင့်မြင့်သောက်ပြီး အသက်ရှင်ခဲ့ခြင်းမျိုးရှိသည်။ မှိုမှလွဲပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ဗီတာမင်ဒီ မပါသလောက် ဖြစ်ပါသည်။ မနက်ပိုင်း နေရောင်ခြည်ကို နာရီဝက်မျှခံခြင်းဖြင့် တစ်နေ့တာ ဗီတာမင်ဒီ လိုအပ်ချက်ကိုရနိုင်”**

### ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အတွဲအဖက်စားဖို့လို

သက်သတ်လွတ်စားသဖြင့် ချို့တဲ့နိုင်သော အဓိကအာဟာရဓာတ်ထဲတွင် သံဓာတ်နှင့် ဗီတာမင်ဘီ ၁၂ တို့လည်း ပါဝင်သည်။ လစဉ်ရာသီသွေးပေါ်သော အမျိုးသမီးတို့တွင် သံဓာတ်လိုအပ်ချက်များပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌ အမျိုးသမီးငယ်တို့တွင် သံဓာတ်လိုအပ်ချက်၏ လေးဆယ့်ခြောက်ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်းနိုင်သည်ဟုဆိုရာ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ပို၍သတိထားရပါလိမ့်မည်။ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေမှာ သံဓာတ်အတော်အသင့် ပါပါသည်။ သို့သော် ထိုသံဓာတ်ကို အသားထဲမှ သံဓာတ်လောက် စုပ်ယူရမလွယ်ပါ။ အသားထဲမှ သံဓာတ်(၁၄-၁၈) ရာခိုင်နှုန်းကို ခန္ဓာကိုယ်မှ စုပ်ယူနိုင်ချိန်တွင် ဟင်းသီးဟင်းရွက်ထဲမှ သံဓာတ် ငါးရာခိုင်နှုန်းကိုသာ စုပ်ယူနိုင်ပါသည်။ ဟင်းသီးဟင်းရွက်ထဲမှ သံဓာတ်ကို ကောင်းစွာ စုပ်ယူနိုင်ဖို့အတွက် ဗီတာမင်စီကို လိုအပ်ပါသည်။ ထို့ကြောင့် သင့်လျော်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ အတွဲအဖက်ကို စားဖို့လိုပါမည်။ သို့မဟုတ် ဗီတာမင်စီ ဖြည့်စွက်ဆေးကို စားနိုင်ပါသည်။

ဗီတာမင်ဘီ ၁၂ ကလည်း သွေးနီဥများ တည်ဆောက်ဖို့လိုသောဓာတ် တစ်နည်းဆိုသော် သွေးအားကောင်းဖို့ လိုအပ်သောဓာတ် ဖြစ်ပါသည်။ အသားစားပါသည်ဟု ဆိုသူများ၌ပင်လျှင် အစာအိမ်ရောဂါဖြစ်သည့်အခါ၌လည်းကောင်း၊ အသက်ကြီးလာချိန်၌လည်းကောင်း ထိုဗီတာမင် ချို့တဲ့တတ်ပါသေးသည်။ ဟင်းသီဟင်းရွက်၊ သစ်သီးဝလံတို့၌ ဗီတာမင်ဘီ ၁၂ သဘာဝအလျောက် ပါဝင်သည်ဟူ၍ မရှိပါ။ ထို့ကြောင့် အနောက်နိုင်ငံများ၌ ကောက်နှံစေ့ သို့မဟုတ် ပဲစေ့အချို့ထဲတွင် ထိုဗီတာမင်ကိုဖြည့်စွက်ထားပြီး ရောင်းချခြင်းမျိုးလည်းရှိပါသည်။ ယနေ့အချိန်တွင် ဗီတာမင်ဘီ ၁၂ ကို သောက်ဆေးအနေဖြင့် ဆရာဝန်ဆေးစာလွှတ် ဝယ်ယူသောက်သုံးနိုင်ပြီဖြစ်၍ ဤသည်မှာ ပြဿနာမဟုတ်တော့ပါ။ ဆေးချိန်မြင့်မြင့်ပါသော ဆေးလုံးကို သောက်ဖို့ပဲ လိုပါသည်။ ဆေးချိန်မြင့်သဖြင့် ဆေးလွန်သော ပြဿနာမရှိပါ။

### ဗီတာမင်ဒီသောက်လျှင် ဗီတာမင်ကေကိုပါ တွဲဖက်သောက်သင့်

သက်သတ်လွတ်စားသဖြင့် ချို့တဲ့နိုင်သော ဓာတ်ထဲမှာ အရေးကြီးဗီတာမင်ဒီ ပါသည်။ တစ်ချိန်ကထင်သလို ဗီတာမင်ဒီသည် အရိုးအတွက်အကျိုးပြုရုံသက်သက်မဟုတ်ဘဲ ခန္ဓာကိုယ်၏ လုပ်ငန်းစဉ် အတော်များများတွင် ပါဝင်ကြောင်း တွေ့ထားပါသည်။ ခန္ဓာကိုယ်ခုခံအားကောင်းရေး ဆောင်ရွက်ပေးသဖြင့် ကိုဗစ်ဝေဒနာ အပြင်းအထန်ခံစားရသူတချို့ ဗီတာမင်ဒီ ဆေးချိန်မြင့်မြင့် သောက်ပြီး အသက်ရှင်ခဲ့ခြင်းမျိုး ရှိသည်။ မှိုမှလွဲပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများတွင် ဗီတာမင်ဒီ မပါသလောက် ဖြစ်ပါသည်။ မနက်ပိုင်း နေရောင်ခြည်ကို နာရီဝက်မျှ ခံခြင်းဖြင့် တစ်နေ့တာ ဗီတာမင်ဒီ လိုအပ်ချက်ကို ရနိုင်ပါသည်။ သို့သော် နေ့စဉ်ရဖို့က ရာသီဥတုအခြေအနေကြောင့် မလွယ်ပါ။ ဗီတာမင်ဒီကို ဖြည့်စွက်ဆေးအဖြစ် ဝယ်ယူသောက်သုံးနိုင်ပါသည်။ ကျွမ်းကျင်သော အာဟာရပညာရှင်နှင့် တိုင်ပင်၍ဖြစ်စေ အင်တာနက်ပေါ်က ယုံကြည်လောက်သော ရင်းမြစ်များမှာ ရှာဖွေ၍ဖြစ်စေ သောက်သုံးနိုင်ပါသည်။ ဗီတာမင်ဒီ သောက်လျှင် သွေးကြောထဲမှာ ထုံးဓာတ်တွေ စုပုံမနေစေဖို့ ဗီတာမင်ကေကိုပါ တွဲဖက်သောက်သင့်သည်ဟူသောအဆိုကို သတိပြုသင့်ပါသည်။

သက်သတ်လွတ်စားသူများတွင် ထုံးဓာတ်ဟုဆိုသော ကယ်ဆီယမ်လည်း ချို့တဲ့နိုင်သည်။ အရိုးနှင့်သွားများ တည်ဆောက်ပြုပြင်ဖို့နှင့် ကြွခိုင်ဖို့အတွက် ကယ်ဆီယမ်ကို လိုပါသည်။ သွေးခဲသည့် လုပ်ငန်းစဉ်အတွက် ကယ်ဆီယမ်ကို လိုပါသည်။ နှလုံးခုန်သည့် လုပ်ငန်းစဉ်အတွက် ကယ်ဆီယမ်ကို လိုပါသည်။ အစိမ်းရောင် ဟင်းသီးဟင်းရွက်များ အခွံမာသီးအဆန်(သီဟိုဠ်ဆန်) အစေ့အဆန် (နေကြာစေ့) တွေထဲမှာ ကယ်ဆီယမ် ပါသော်လည်း ခန္ဓာကိုယ်က စုပ်ယူရရှိမှုမှာ လုံလောက်သည်ဟု မဆိုသာပါ။ နိုင်ငံခြားမှတင်သွင်းသော ပဲနို့အချို့တွင် ကယ်ဆီယမ် ထပ်ဆောင်းထားခြင်းမျိုးရှိ၍ သောက်သုံးနိုင်ပါသည်။ သို့မဟုတ် အမျိုးအစားကောင်းသော ကယ်ဆီယမ်ဖြည့်စွက်ဆေးကို သောက်သုံးနိုင်ပါသည်။ ဖြည့်စွက်ကယ်ဆီယမ်က အသက်သုံးဆယ်အောက် သက်သတ်လွတ်သမားတွေအတွက် အကျိုးဖြစ်ထွန်းနိုင်ပြီး လူကြီးပိုင်းအတွက် ဤမျှမဟုတ်လှပါ။

အရေးကြီးသည်ဟု သဘောထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ သက်သတ်လွတ်စားခြင်းဖြင့် ချို့တဲ့နိုင်သော ဓာတ်ထဲမှာ အိုမီဂါ-၃ အဆီအက်စစ်ပါသည်။ ဤအဆီအက်စစ်က နှလုံးကျန်းမာမှုကို အထောက်အကူပြုသည်။ တော်ရုံလေမဖြတ်အောင် အကာအကွယ်ပေးသည်။ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုကို လျှော့ချပေးသဖြင့် နာတာရှည်ရောဂါကြီးများ မဖြစ်အောင်လည်း စောင့်ရှောက်ရာရောက်ပါသည်။ ပဲပုပ်စေ့၊ နှမ်းကြတ်စေ့တို့တွင် အိုမီဂါ-၃ အဆီအက်စစ် ပါသော်လည်း ထိုဓာတ်က ငါးတွင်ပါသော အိုမီဂါ - ၃ လောက် နှလုံးကို အကျိုးမပြုဟု သိပ္ပံပညာရှင်အချို့က ဆိုပါသည်။ ဤမျှဆိုလျှင် သက်သတ်လွတ်စားခြင်း၏ အားသာချက်၊ အားနည်းချက်တွေကို မြင်လောက်ပါပြီ။ သက်သတ်လွတ်သမားတွေ ကျန်းမာပါမည်။ တစ်ပတ်မှာ ရက်အကန့်အသတ်ဖြင့် သက်သတ်လွတ်စားလျှင် ပို၍ကျန်းမာမည်ဟု ဆိုချင်ပါသည်။ ။

## ချောက်မြို့နယ်အတွင်းရှိ အခြေခံလူတန်းစားအိမ်ထောင်စု ၅၀၀ သို့ အခြေခံစားကုန်များထောက်ပံ့

ချောက် နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများရှိ အခြေခံလူတန်းစား ပြည်သူများ၏ စားဝတ်နေရေး လတ်တလော ပြေလည်စေရန် ရည်ရွယ်၍ အခြေခံလူတန်းစား အိမ်ထောင်စု ၅၀၀ အား အခြေခံစားကုန် လေးမျိုးကို မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂ ရက်က ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဌေးကျော်က အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊




မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက အခြေခံစားကုန်လေးမျိုး ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို အခြေခံလူတန်းစားအိမ်ထောင်စု ၅၀၀ ထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ပုဗ္ဗသီရိမြို့နယ်၌ ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ပုဗ္ဗသီရိ နိုဝင်ဘာ ၂

ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါ ကာကွယ် ထိန်းချုပ်ရေးစီမံချက်အဖြစ် ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ကျွဲ၊ နွားများကို မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနက အောက်တိုဘာ ၁၅ ရက်မှ စတင်ပြီး ခွာနာလျှာနာရောဂါ ကာကွယ်ဆေး များ အခမဲ့ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၂ရက် တွင် ရွာတော်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ နွားကောင်ရေ ၁၃၀ ကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။



မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းက "ပုဗ္ဗသီရိမြို့နယ်အတွင်း က စီမံချက်ဝင်ကျေးရွာ ၄၃ ရွာမှာရှိတဲ့ ကျွဲ၊ နွားကောင်ရေ ၅၀၀၀ ကျော်ကို ခွာနာလျှာနာ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ခွာနာလျှာနာရောဂါဟာ ကျွဲ၊ နွား တွေမှာ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး လယ်ယာ လုပ်ငန်းခွင်ကို ထိခိုက်စေနိုင်တဲ့အတွက် ခွာနာ လျှာနာရောဂါကာကွယ်ဆေးကို စီမံချက် အနေနဲ့ ခြောက်လတစ်ကြိမ် ထိုးနှံပေးလျက် ရှိပါတယ်။ ဒ့ါအပြင် တိရစ္ဆာန်များမှာ ရာသီ မရွေး၊ ရာသီအလိုက် ဖြစ်ပွားတတ်တဲ့ ကူးစက် ရောဂါများဖြစ်ပွားခဲ့ရင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကို ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါတယ်"ဟု ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)

## တံတားဦးမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်

တံတားဦး နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ဦးဆောင်၍ လူငယ် ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများ ထောက်ပံ့ ပေးအပ်ပွဲကို တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာ ထွန်းခန်းမ၌ နိုဝင်ဘာ ၂ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယ ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်မိုးဝင်းက နိုင်ငံ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်အတွက် လူငယ် များကို အားကစားနှင့် ဆွဲဆောင်စည်းရုံးပြီး စနစ်တကျ ပြန်လည်ပြုစု ပျိုးထောင်ပေးရန် ရည်ရွယ်ကြောင်း ပြောကြားပြီး မြို့နယ်အားကစား နှင့်ကာယပညာဦးစီးဌာနမှူး ဒေါ်ငယ်သူထွန်းက လူငယ်နှင့်အားကစား အကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာကြီး ဦးကိုကိုမောင်ထံ ပေးအပ်ခဲ့သည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်သည့် ကျောင်းသား ကျောင်းသူ များအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက အားကစားပစ္စည်းများကို ကံစမ်းမဲဖောက်ပေးခဲ့ပြီး မဲပေါက်သူများကို ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။ ကံစမ်းမဲများတွင် အားကစားပစ္စည်းများဖြစ်သည့် ဘောလုံးငါးလုံး၊ ဘော်လီဘောငါးလုံး၊ ပိုက်ကျော်ခြင်းငါးလုံးနှင့် အကျႌ ၁၅ ထည်တို့ ပါဝင်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)



## မိုင်းကိုင်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းကိုင် နိုဝင်ဘာ ၂

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်း ကွင်းဆင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် တွင် ဖောင်းမိန်းကျေးရွာသို့ ကွင်းဆင်း၍ ဆောင်ရွက် ခဲ့သည်။

**ဆွေးနွေးအသိပညာပေး**

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ် ရေးမှူး ဦးအောင်စိုးဦး ဦးဆောင်သော မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကျေးရွာဘုန်းတော်ကြီးကျောင်း တွင် ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံပြီး ဒေသ အတွင်း ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာတွင်း လမ်း တံတားများ ကောင်းမွန်ရေး၊ ကာကွယ်ဆေးထိုးနှံ ရေး၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခြင်း၊ ကျေးရွာမြေငှား ဂရန် ပြုလုပ်ပေးရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ များကို ဆွေးနွေးအသိပညာပေးပြီး ပြည်သူများနှင့် ကလေးများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေး ခြင်း၊ ကျေးရွာမြေငှားဂရန် ထုတ်ပေးခြင်းနှင့် ကျေးရွာ နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချော
(မိုင်းကိုင်)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှု အောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင် နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှု ရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည် အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်း လိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနိုးဆော်တင်ပြ အပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"

"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"

"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၁-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဇဗ္ဗသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
**၀၉:၁၀** NRC အစီအစဉ် **(ချင်း)** "အလှပြာဝေတောင်ဇလပ်မြေ"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** "လူမှုဘဝမြှင့်တင်ဖို့တိုင်းရင်းကြက်ကို မွေးကြစို့"
**၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**"(အပိုင်း-၂၆)
**၁၃:၃၀** MRTV National News
**၁၄:၀၀** မျိုးဗီဇတင့်စေဆိုကရေးတီးအမွေ
**၁၄:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း "**ပြင်သူ့သာလိုပါတယ်**"
**၁၄:၄၅** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီးအသက်(၁၆)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်(ဗိုလ်လုပွဲ)(မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း)
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(တတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "**အတိတ်ဒါးဒါး အချစ်ချိုချို**"(အပိုင်း-၂၁))
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကဏ္ဍ
**၂၁:၄၀** ရုပ်မြင်သံကြားဇာတ်လမ်း "**ဆည်းဆာချိန်နေညိုချစ်းမြန်လမ်းကိုတဲ့ပရောက်စီ**"

**mitv**

**07:01** Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
**07:10** Ancient Shwe-San-Taw Pagoda
**07:26** Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
**07:42** The Beauty In The North Of Myanmar
**08:01** News
**08:27** All About Orchids
**08:42** Healthy Diet: Detox Water
**08:50** Egg Shell
**09:01** Discovering Tribes: Myaung Zee (or) Hmong: their life and customs
**09:34** Scented Buddha Images
**09:40** The Hills Of Phowintaung And Shwebataung
**10:01** News
**10:27** Myanmar Childhood Games (Episode-2)
**10:35** Hsig Khaung Village In Hsihseng

**MRTV NRC**

**အရှေ့မိုးကရင် (၆:၀၀ မှ ၇ :၀၀)**
ကျွန်တော်တို့ရွာ
**ချင်း (လိုင်စိုး) (၇:၀၀ မှ ၈: ၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
**ချင်း (ချိုး) (၈:၀၀ မှ ၉: ၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**မွန် (၉ :၀၀ မှ ၁၁:၀၀)**
စကားပုံများမှမှတ်သားစရာ
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ရိုးရာသမက်တက်မင်္ဂလာ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၇)
**ဝ (၁၅ :၀၀ မှ ၁၇ :၀၀)**
လားရှိုးသို့အလည်တစ်ခေါက်
**ကချင် (၁၇ :၀၀ မှ ၁၉ :၀၀)**
ပူတာအိုသို့အလည်တစ်ခေါက်
**ကယား (၁၉ :၀၀ မှ ၂၁ :၀၀)**
အပန်းဖြေစရာဘုရားဖူးကြာကန်သို့အရောက်လှမ်းခဲ့ပါ
**ပိုးကရင် (၂၁ :၀၀ မှ ၂၂ :၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
စားမြိန်ဖွယ်ရာပုံဟင်းလျာ

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
**၂၃:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "တာဝန်နှင့်လူ"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၅၀** ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
**၀၇:၁၀** စိမ်းနီဝါဖြူလယ်ကွင်းဆီမှာ ပူးငုံဝါပွင့်ပန်းတင့်သည့်သာစည်မြေ
**၀၇:၅၀** တောင်သူစိုက်ခင်းဆီသို့အလည်တစ်ခေါက်
**၀၈:၀၀** မကော်ဖီသုတေသနမှသည်ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်
**၀၈:၅၀** လယ်လုပ်သူတို့ပျော်ရွှင်ချိန်
**၀၉:၂၀** စိုက်ပျိုးသီးနှံများနှင့်အောင်မြင်နေသော ရန်ကုန်တိုင်းဒေသကြီး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီးအသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပွဲ)(မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း)
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချ

**နေပြည်တော် နိုဝင်ဘာ ၂**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့် ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက် ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ နိုဝင်ဘာ ၁ ရက်နှင့် ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့်



တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုး မွေးမြူရေး လုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများစသည့် စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁၁ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၄၆၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၄၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၅၀ ကျပ် | ၂၆၉၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၂၅ ကျပ် | ၂၇၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၇၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၈၇ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၅ . ၈၇၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၂၇ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၄၃ . ၂၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၈၈ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၇၆ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၁၃၄ | ၁၂၃၂၈၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၃၆၈၁ | ၁၂၅၀၇၉၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၀ | ၃၈၅၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၃၃၈ | ၆၅၉၁၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၂၁ | ၅၆၇၅၀ |
| EFR | ၂၆၅၀ | ၂၇၀၀ | ၂၀၀ | ၅၄၀၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၀ | ၁၅၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**အငယ်တန်းသတင်းထောက်များ** - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ အမှတ်(၁၊ ၂၊ ၃၊ ၄) ကုန်ထုတ်လမ်းဖောက်လုပ်နေမှုစစ်ဆေး



ပုသိမ် နိုဝင်ဘာ ၂

**ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းအုပ်စု ကျေးရွာမုန်းသီတာကုမ္ပဏီလီမိတက်၏ ကန်ထရိုက်လယ်ယာ ၆၀၁ ဧက၌ ဆာဖိုးသာ-၁ စပါးမျိုးသစ် စမ်းသပ်မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်ကပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စပါးစိုက်ပျိုးရာတွင် ယူရီးယားဓာတ်မြေဩဇာလျှော့ချသုံးစွဲရေး၊ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းသုံးစွဲရေး၊ မျိုးသန့်စပါးများ ပိုမိုစိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။ ယင်းနောက် မိုးစပါးစံကွက်ရိတ်သိမ်းမှုအား ကြည့်ရှုအားပေးရာ တစ်ဧကစပါး အထွက်နှုန်းမှာ အခြောက် ၁၄၈ ဒသမ ၂၆ တင်းထွက်ရှိခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၂၁) မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကြိမ်ပင်ဆယ်-စကြော့-ခနေဖြူ-ဇလွန်လမ်း တစ်မိုင်နှစ်ဖာလုံ ပေ၃၃၀ ကွန်ကရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီရေး၊ သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပြီးစီးစေရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထား ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇလွန်မြို့နယ် မေရီလန်းကျေးရွာရှိ တောင်သူ ဦးဝင်းမြင့်ဦး၏ ပိုက်ဆံလျှော် (သစ်စိမ်းမြေဩဇာ) ထည့်သွင်းစိုက်ပျိုးထားသည့် လယ် ၁၂ ဧက၌ ဆင်းသုခမျိုး မိုးစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးခဲ့ရာ တစ်ဧက စပါးအထွက်နှုန်းမှာ အခြောက် ၁၀၇ တင်းထွက်ရှိခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ အမှတ်(၁၊၂၊၃၊၄) ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ဆီဆုံကုန်း - ကြို့ကုန်း-လှေဆွဲရိုး-မဲဇလီကုန်းလမ်းပေါ်ရှိ ကြို့ကုန်း ကွန်ကရစ်တံတားတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ ပြီးစီးစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧက ၁၀၀ စံပြ စိုက်ကွက်အတွင်း မိုးစပါးအပြင် သီးထပ်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးစစ်ဆေး

**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ် အတွင်းရှိ မိုးစပါးစံပြစိုက်ကွက်နှင့် မျိုးသန့်မျိုးစေ့ထုတ် စံပြစိုက်ကွက်များအတွင်း တစ်ဧကတင်း ၁၀၀ အထက် အထွက်နှုန်းတိုးပွားလာမည့် အခြေအနေနှင့် သီးထပ်သီးနှံအဖြစ် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးသွင်းအားစုနှင့် ရေအရင်းအမြစ်ရရှိရေးအတွက် အောက်တိုဘာ ၂၉ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိဧက ၁၀၀ စံပြစိုက်ကွက်အတွင်း တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိရေး စိုက်ပျိုးထားသည့် ဆင်းဧကရီ-၃ မိုးစပါးများ ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် ယခင်နှစ်အထွက်နှုန်းထက် တစ်ဧကလျှင်တင်း ၁၂၀ နီးပါးထွက်ရှိနိုင်မည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း မိုးစပါးအပြင် သီးထပ်သီးနှံ နေကြာအပါအဝင် ဟင်းသီးဟင်းရွက် စိုက်ခင်းများဖြင့် တစ်နှစ်ပတ်လုံး သီးထပ်သုံးသီးဖြင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး သွင်းအားစုများနှင့် စံပြစိုက်ကွက်အတွင်း ရေအရင်းအမြစ် အလုံအလောက်ရရှိရေး ဆိုလာစက်ရေတွင်းများ တူးဖော်ဆောင်ရွက်သွားနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် စံပြစိုက်ကွက်အတွင်း မိုးရာသီရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေး ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တူးဖော်ဖောက်လုပ်ထားသည့် အရှည်ပေ ၁၀၀၀၀ ရှိ ရေမြောင်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေမြောင်းစနစ်တကျ ဆောင်ရွက်သွားရေး၊ မြောင်းကူးတံတားနှစ်စင်း တည်ဆောက်နိုင်ရေးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က စံပြစိုက်ခင်းကို ပြည်နယ်၏ စံပြစိုက်ခင်းတစ်ခုအဖြစ် သန့်ရှင်းသာယာလှပပြီး အများပြည်သူအပန်းဖြေလေ့လာနိုင်သည့် နေရာတစ်ခုဖြစ်လာစေရေး ရေနုတ်မြောင်းတစ်လျှောက် ဝဲ/ယာတစ်ဖက်စီတွင် ကွန်ကရစ်လျှောက်လမ်းနှင့် ပန်းအလှစိုက်ခင်းများ ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း ဂျပန်တံတား၌ စံပြစိုက်ကွက် ဧက ၁၀၀ မှ စတင်ဖောက်လုပ်ထားသည့်ရေနုတ်မြောင်း ဆက်လက်တူးဖော်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြစ်ကြီးနား လေဆိပ်ဝင်းအတွင်း လေဆိပ်ရှေ့မြေယာအလှပြုပြင်ပြီး အရိပ်ရအပင်နှင့် အလှပန်းပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု၊ လေဆိပ်အဆောက်အအုံ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပလာစေရေး၊ လေဆိပ်အတွင်း မြေယာရှုခင်းနှင့် ပန်းအလှပင်များဖြင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်နေမှုများနှင့် လေဆိပ်ဝင်းအတွင်း သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# လူမှုစီးပွားဘဝ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် လူငယ်များ ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေရန်ရည်ရွယ်

**စစ်တွေ နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီက ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က စစ်တွေမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ လူမှုစီးပွားဘဝ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် လူငယ်များအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်မြင်ကြစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် အခြေခံအပ်ချုပ်စက်သင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပေးသည့် အခြေခံသင်ခန်းစာများကို စိတ်ဝင်စားစွာ လေ့လာသင်ယူပြီး တတ်မြောက်လာသော အခြေခံစက်ချုပ်ပညာရပ်များမှတစ်ဆင့် လုပ်ငန်းခွင်ဝင်နိုင်သည့် အဆင့်ဖြစ်အောင် လေ့ကျင့်ကြိုးစားသင်ယူကြရန် သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ကြွယ်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး အစိုးရနည်းပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက စာတွေ့လက်တွေ့ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

# မိတ္ထီလာခရိုင်အတွင်းမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၃၀၀ ထောက်ပံ့ပေးအပ်

**မိတ္ထီလာ နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် မိတ္ထီလာခရိုင်အတွင်းရှိ တောင်သူဦးကြီးများအား တွေ့ဆုံခြင်းနှင့် မြို့နယ်သုံးခုမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၃၀၀ ထောက်ပံ့ပေးအပ်ပွဲကို နိုဝင်ဘာ ၁ ရက်က မိတ္ထီလာပညာရေးဒီဂရီကောလိပ်ရှိ ပညာပါရမီခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။




**စိုက်ပျိုးရေးအခက်အခဲများ ဖြည့်ဆည်းပေး**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးရေးဆောင်ရွက်နေသော တောင်သူများ စိုက်ပျိုးရေးနည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကာ အထွက်နှုန်းများ တိုးရေးအတွက် တောင်သူဦးကြီးများ တွေ့ကြုံနေရသည့်အခက်အခဲများ ဖြည့်ဆည်းပေးနိုင်ရေး လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက မိတ်ဆက်စကားပြောကြားပြီး တက်ရောက်လာသော ဒေသခံတောင်သူများက စိုက်ပျိုးရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို တင်ပြကာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပေါင်းစပ်ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ကျေးရွာတစ်ရွာလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် ကျေးရွာ ၃၈ ရွာအတွက် ထောက်ပံ့ငွေကျပ် ၃၈ သိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

**စက်ဘီးအစီး ၃၀၀ ထောက်ပံ့**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာမြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် စက်ဘီးအစီး ၁၀၀၊ မလှိုင်မြို့နယ်မှ ကျောင်းသား ကျောင်းသူ ၁၀၀ အတွက် စက်ဘီးအစီး ၁၀၀ နှင့် ဝမ်းတွင်းမြို့နယ်မှ ကျောင်းသားကျောင်းသူ ၁၀၀ အတွက် စက်ဘီးအစီး ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဒေးဒရဲမြို့၌ အဘိုးအဘွားများအား ငွေပဒေသာပင် ပေးအပ်လှူဒါန်း

**ဒေးဒရဲ နိုဝင်ဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် ဒေးဒရဲမြို့နယ် မြတ်စေတနာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက်



ငွေပဒေသာပင်ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က နိုဝင်ဘာ ၂ ရက်တွင် စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နေဘ်သာဝါ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှူးမှ ဦးအေးကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် လူမှုရေးအဖွဲ့အစည်းများရှိ တာဝန်ရှိသူများက မြတ်စေတနာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပေးအပ်လှူဒါန်းသည့် လှူဒါန်းငွေကျပ် ၁၀ သိန်းကို မြတ်စေတနာ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ကော်မတီဥက္ကဋ္ဌ ဦးကျင်စိန်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အဘိုးအဘွားများက ဆုတောင်းမေတ္တာစကားပြန်လည်ပြောကြားခဲ့သည်။

**အေဇာလင်း**

# ရွှေကျင်မြို့နယ်၌ အလွတ်တန်း ဖူဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရွှေကျင် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ဝင်ခနိမ်ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ Kyaw အဆင့်မြင့် ဖူဆယ်ဘောလုံးကွင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ကျင်းပသော အလွတ်တန်းဖူဆယ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

ပြိုင်ပွဲတွင် ရွှေကျင်မြို့နယ်အတွင်းရှိ ဖူဆယ်ဘောလုံးဝါသနာရှင်အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ငါးသင်း နှစ်အုပ်စုဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၂၇ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁ ရက် ဗိုလ်လုပွဲတွင် 3MCFC အသင်းနှင့် G.O.A.T အသင်းတို့ ယှဉ်ပြိုင်ကြရာ G.O.A.T အသင်းက ငါးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသောအသင်းများကို ရွှေကျင်မြို့နယ် မြို့မရဲတပ်ဖွဲ့မှူး၊ ဖူဆယ်ဘောလုံးကွင်းပိုင်ရှင် ဦးစိုးလွင်+ဒေါ်ချို မိသားစုနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**



# NEP-2 စီမံချက်ဖြင့် ကျွဲပွဲမြို့၌ ဓာတ်အားလိုင်း ၀ ဒသမ ၄၇ မိုင်နှင့် ထရန်စဖော်မာဖွင့်ပွဲကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ဆွဲလဲချောင်းကျေးရွာအုပ်စု ရွာမကျေးရွာ၌ ကျေးလက်မီးလင်းရေး NEP–2 စီမံချက်ဖြင့် တည်ဆောက်ခဲ့သော ၁၁ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၄၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်က အမှာစကားပြောကြားပြီး မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်မင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်မီးချွေတာသုံးစွဲရေး ပညာပေးပြောကြားသည်။ ထို့နောက် ကျေးလက်မီးလင်းရေး NEP–2 စီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဦးကျော်ကျော်လွင်၊ မြို့လျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ကျွဲပွဲမြို့ ဆွဲလဲချောင်းကျေးရွာအုပ်စု ရွာမကျေးရွာ၌ ကျေးလက်မီးလင်းရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း NEP–2 စီမံချက် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၀ ဒသမ ၄၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးခွင့်ပြုပေးပြီး ကျေးရွာမှ ပြည်သူများထည့်ဝင်ငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၄၀၀၀ ကို ကျေးလက်မီးလင်းရေးကော်မတီက ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ ကျေးရွာရှိ အိမ်ခြေ ၆၀ မှ ကျေးလက်နေပြည်သူများ၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းနှင့် ရွာတွင်းမီးတိုင်များအတွက် လျှပ်စစ်ဓာတ်အားရရှိအသုံးပြုနိုင်ပြီဖြစ်ကာ လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်မီးကို ပြည်သူများအကျိုးရှိစွာအသုံးချတတ်စေရန် အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း မြို့နယ်လျှပ်စစ်မှူးရုံးမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**




# အိမ်မဲမြို့၌ ကိုဗစ်–၁၉ ရောဂါမျိုးရိုးဗီဇပြောင်း အိုမီခရွန် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**အိမ်မဲ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းမှ ပြည်သူများ ကိုဗစ်–၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း အိုမီခရွန်မျိုးကွဲသစ် ရောဂါပိုးကြိုတင်ကာကွယ်နိုင်စေရေးအတွက် အသိပညာပေး နှိုးဆော်မှုများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက်အတွင်း လှည့်လည်နှိုးဆော်ခဲ့သည်။

အသိပညာပေးနှိုးဆော်မှုများဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန်၊ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ကြရန်၊ မိမိတို့၏ နေအိမ်ပြတင်းပေါက်များကို ဖွင့်ထားကြရန်၊ လက်ကိုစက္ကန့် ၂၀ ကြာ ဆေးကြောရန်၊ တတ်နိုင်သမျှ အိမ်မှာနေထိုင်ကြရန်၊ လူစုလူဝေးကို ရှောင်ရှားကြရန်၊ မိမိကိုယ်မိမိ ရောဂါကူးစက်မှုသံသယလက္ခဏာ ခံစားရလျှင် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်ကြရန်၊ ကိုဗစ်–၁၉ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် မပျက်မကွက် ခံယူကြရန် စသည့်အသိပညာပေးနှိုးဆော်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ရာတွင် သတိပြုလိုက်နာရမည့်အချက်များ အသိပညာပေး

**ဝေါ နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်သူများနှင့် အိမ်ထောင်စုစာရင်းကိုင်ဆောင်သူများ သတိပြုလိုက်နာရမည့်အချက်များ လက်ကမ်းစာစောင်ဖြန့်ဝေ၍ အသိပညာပေးခြင်းကို နိုဝင်ဘာ ၂ ရက်က ချမ်းမြသာစည်ရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးရှေ့၌ ဆောင်ရွက်သည်။

အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးဝင်းဇော်ဦးနှင့် လဝကရုံးဝန်ထမ်းများ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး သစ်လွင်တို့ ပါဝင်သော တာဝန်ရှိသူများက လမ်းသွားလမ်းလာ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူများနှင့် အိမ်ထောင်စုစာရင်း ကိုင်ဆောင်သူများ သတိပြုလိုက်နာရမည့်အချက်များပါဝင်သည့် အသိပညာပေးလက်ကမ်းစာစောင် ၂၀၀ ခန့်ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

## နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ် အဖြစ် “မဟော်သဓာနှင့် အမရာဒေဝီ” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂**

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာ ဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှ စတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ “မဟော်သဓာနှင့် အမရာဒေဝီ” ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစား ဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ဘွန်း၊ ဆန်းနေအောင်၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးတို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၅ရက်၊ စနေနေ့ ည ၈ နာရီသတင်း အပြီး ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီခန့်တွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(င) ပွဲစဉ်(၁၀)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော်ဂီတပွဲတော်” Season-2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ်(၁၈)ပွဲဖြင့် စက်တင်ဘာ ၂ ရက်နေ့မှ စတင်ပြီး အပတ်စဉ်သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဉ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(င) ပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၄ ရက်သောကြာနေ့ ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ မျိုးဆက်နွယ်၊ ချင်းပြည်နယ်မှ သူဇာမြင့်မိုရ်၊ ကယားပြည်နယ်မှ ရတနာဝင်းမြ၊ ကချင်ပြည်နယ်မှ မေဇီ၊ မွန်ပြည်နယ်မှ ရွှေစင်ကြယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ခင်ပြည့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီနားနှင့် ရှမ်းပြည်နယ်မှ ဖြိုးပြည့်ပြည့်မောင် စုစုပေါင်း ပြိုင်ပွဲဝင် ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် နိုဝင်ဘာ ၂**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၀)ကို နိုဝင်ဘာ ၄ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၄၊ ၅ နှင့် ၆ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး ရန်ကုန်–မန္တလေး သွားကားလမ်းတွင် မျိုးမြင့်မောင်(ခ)ဖိုးသား မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်းနှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မျိုးညွန့်အောင်(ခ)အငယ်ချေ အား ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်၊ ၅၆ လမ်း၊ ၁၃၀ လမ်းထောင့်တွင်လည်းကောင်း၊ ည ၇ နာရီခွဲတွင် ကျော်ကျော်ဝင်း(ခ)ဦးကျော်အား ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်အဝိုင်းအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့ပြီး**(အောက်ပုံ)** စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## GFA အသင်းကို အနိုင်ယူပြီး ရန်ကုန်အသင်း နိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၂**

၂၀၂၂ ရာသီ MNL ပြိုင်ပွဲ ပွဲစဉ် (၁၈) စတုတ္ထနေ့အဖြစ် GFA အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုဝင်ဘာ ၂ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရန်ကုန်အသင်းက နှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရရှိကာ နိုင်ပွဲဆက်ခဲ့ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ GFA အသင်းမှာမူ မဟာယူနိုက်တက်အသင်း ပွဲကုန်သွားမှုကို အခွင့်ကောင်းမယူနိုင်သေးဘဲ လက်ကျန်နှစ်ပွဲတွင် ပထမဆုံးပွဲဖြစ်သည့် ယခုပွဲတွင် အနိုင်မကစားနိုင်သဖြင့် တန်းဆင်းဇုန်မှ လွတ်ရန် နောက်ဆုံးပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

GFA အသင်းသည် နိုင်ငံခြားသား ကစားသမားများ အပါအဝင် အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာမူ လူငယ်ကစားသမားအချို့ကို ပထမဆုံး ပွဲထွက်ခွင့်ပေးခဲ့သလို အမာခံကစားသမားများနှင့် တွဲဖက်အသုံးပြုခဲ့သည်။ GFA အသင်းသည် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသော်လည်း အသင်းကြီးဖြစ်သည့် ရန်ကုန်အသင်းနှင့် တွေ့ဆုံနေသဖြင့် တိုက်စစ်ဖွင့်မကစားဘဲ ခံစစ်အားပြုပြီးမှ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ GFA အသင်းသည် ရန်ကုန်အသင်းတိုက်စစ်ကို မိနစ် ၇၀ ကျော်အထိ တောင့်ခံနိုင်ခဲ့သော်လည်း ၇၉ မိနစ်တွင် ဂိုးစတင်ခွင့်ပြုခဲ့ရသည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၇၉ မိနစ်တွင် ကျော်ဖြိုးဝေက သွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရပြီး နောက်ပိုင်းတွင် GFA အသင်း ခံစစ်ပြိုဆင်းသွားပြီး ၈၂ မိနစ်တွင် လမင်းထွေးက ရန်ကုန်အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၆ ပွဲကစား ရမှတ် ၃၅ မှတ်၊ GFA အသင်းက ၁၇ ပွဲကစား ရမှတ် ၁၀ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၈) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၃ ရက် **(ယနေ့)** တွင် ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။



ရန်ကုန်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်နေစဉ်။

**ရဲရင့်လွင်**

**ဓာတ်ပုံ– MNL**

## အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/4911 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/5101, Honda Wave100 ယာဉ်လက်ဝယ်ရှိသူ ဦးအာကာမိုး ၇/သနပ(နိုင်)၁၂၈၂၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/6888 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သူ ၇/ကဝန(နိုင်)၁၄၀၈၂၆ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၂၉၉၂၆ HONDA 100 TWO WHEEL ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဌေး ၈/ခမန(နိုင်) ၁၀၇၉၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

## ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း ကြော်ငြာစာ

